**"အစကောင်းလို့"**

ဇန်နဝါရီလ (၆)ရက်၊ တင်ပြသူ-Simon, India နိုင်ငံ

(အရွယ်ရောက်ပြီးသား အမျိုးသားတစ်ဦးကို တင်ပြခိုင်းရန်)

Simon အနေနဲ့အနောက်ပိုင်း အိန္ဒိယနိုင်ငံမှာ ပြေးမှုကိုသဘောကျခဲ့ပါတယ်။

သူ့အနေနဲ့ အထူးသဖြင့် အသက်ရှင်တဲ့အမျိုးသားတွေထဲမှာ အပြေးအမြန်ဆုံးလို့ နာမည်ကျော်ကြားတဲ့ ဂျမေကာနိုင်ငံသား၊ တာတိုအပြေးသမား Usain Bolt ကိုချီးမွမ်းခဲ့ပါတယ်။

Simon အနေနဲ့ Usain Bolt အကြောင်း တီဗီပေါ်ကကြော်ငြာခဲ့တာကိုတခါမှမမေ့လျော့ခဲ့ပါ။

သူက၊"ကိုးစက္ကန့်ပြေးနိုင်ဖို့ လေးနှစ်တိုင်တိုင်လေ့ကျင့်ခဲ့ပါတယ်" ဆိုပြီးပြောခဲ့ပါတယ်။

Simon အနေနဲ့ အားကစားသမားတစ်ဦးဟာ စက္ကန့်အနည်းငယ်ပြေးဖို့အတွက် နှစ်နဲ့ချီလေ့ကျင့်ချင်တယ်ဆိုတာ အံ့သြနေမိခဲ့ပါတယ်။ အပြေးသမားတွေအတွက်လေ့ကျင့်မှုဟာ အလွန်မှပင် အရေးကြီးတယ်ဆိုတာ နားလည်သဘောပေါက်ခဲ့ပါတယ်။

Simon ရဲ့မိဘတွေကလည်း လေ့ကျင့်မှုဟာ အင်မတန်မှ အရေးကြီးတယ်ဆိုတာ နားလည်သဘောပေါက်ခဲ့ကြပါတယ်။ သူတို့အနေနဲ့ သူတို့ဇာတိမြို့ Anni က ကျောင်းမှာ Simon ကျောင်းတက်ဖို့ သူပြင်ဆင်တဲ့အခါ သင့်တင့်တဲ့လေ့ကျင့်မှုအတွက်စဉ်းစားခဲ့ကြရပါတယ်။

အဖေက မြော်လင့်ခြင်းအသင်းတော်ကျောင်းမှာ ကျောင်းတက်စေချင်ခဲ့ပြီး၊ သူ့သားအတွက်အကောင်းဆုံးကျောင်းဖြစ်မလားဆိုတာ သိချင်ခဲ့ပါတယ်။

"Simon ဟာ အသက်ငါးနှစ်ရှိပြီ။ သူ့ကိုဘယ်ကျောင်းမှာထားရင်ကောင်းမလဲ" ဆိုပြီး သူက သူ့အစ်ကိုကို မေးခဲ့ပါတယ်။

"Simon ကို ကျွန်ုပ်တို့ကျောင်းမှာထားလိုက်ပါ။ တစ်ခြားကျောင်းတွေထကသင့်အိမ်နဲ့ ပိုနီးပါတယ်" ဆိုပြီး သူ့အစ်ကိုက ပြောခဲ့ပါတယ်။

အဲဒီကျောင်းဟာ Simon ရဲ့အိမ်ကနေ ၁၀ မိနစ်ပဲလမ်းလျှောက်ရပါတယ်။

ဒါကြောင့်မို့ Simon ကို သူငယ်တန်းကနေစတက်ဘို့ မြို့ထဲက မြော်လင့်ခြင်းအသင်းတော်ကျောင်းမှာ မိဘတွေကထားခဲ့ပါတယ်။

ပထမနေ့မှာ၊ Simon အနေနဲ့ တကယ်တက်ချင်ပဲ့မလားဆိုတာ မသေချာခဲ့ပါ။ သူ့အမေနဲ့ ကျောင်းသွားရင်း သူငိုကြွေးခဲ့ပါတယ်။ ကျောင်းကနေအမေပြန်ထွက်သွားတော့လည်း သူငိုကြွေးခဲ့ပါတယ်။ စာသင်ခန်းထဲက ဘယ်နေရာမှာမှအမေကိုသူမတွေ့လို့ အထိတ်တလန့်ဖြစ်ခဲ့ရပါတယ်။

ဒါပေမဲ့ မနက်ပိုင်းဝတ်ပြုချိန်အတောအတွင်းမှာ သူ့မျက်ရည်တွေ လျင်မြန်စွာခြောက်သွားခဲ့ပါတယ်။ ကျောင်းဆရာတွေက သခင်ယေရှုအကြောင်း သီချင်းတွေကိုသင်ပေးခဲ့ပါတယ်။ ကျောင်းအုပ်ဆရာကြီးက သမ္မာကျမ်းစာကနေ ပုံပြင်တစ်ခုဖတ်ပြခဲ့ပါတယ်။ Simon အနေနဲ့ သီချင်းတွေနဲ့ပုံပြင်တွေကို သဘောကျခဲ့ပါတယ်။

မကြာခင်မှာပဲ၊ တစ်ခြားယောကျ်ားလေးတွေ၊ မိန်းကလေးတွေနဲ့မိတ်ဆွေဖွဲ့ခဲ့ပါတယ်။ သူတို့နဲ့စကားပြောတာရယ်၊ သူတို့နဲ့အတူနေပြီးတော့ ပညာသင်တာရယ် သူ့အရမ်းပျော်လာခဲ့ပါတယ်။

တစ်နှစ်လွန်သွားခဲ့ပြီး၊ Simon ဟာ ပထမတန်းမှာ ပညာသင်ခဲ့ပါတယ်။ သူ့အနေနဲ့ ဒုတိယ၊ တတိယနဲ့စတုတ္ထတန်းတွေကို အောင်မြင်ခဲ့ပါတယ်။ သူပညာသင်ကြားရင်း၊ သမ္မာကျမ်းစာထဲက သခင်ယေရှုလို သစ္စာရှိဖို့၊ ကြင်နာတတ်ဖို့နဲ့ ကူညီတတ်ဖို့သူ သင်ယူခဲ့ပါတယ်။

ပြေးဖို့လည်း သူသင်ယူခဲ့ပါတယ်။

တစ်နေ့မှာ၊ ကျောင်းဆရာတစ်ဦးက၊ "ပြေးတာဟာ ကျန်းမာရေးအတွက်ကောင်းတယ်" ဆိုပြီး ကျောင်းသားတွေထဲမှာ ပြောပြခဲ့ပါတယ်။

ဒါကြောင့်မို့ Simon အနေနဲ့ နေ့စဉ်ရက်ဆက်ပြေးဖို့ ဆုံးဖြတ်လိုက်ပါတယ်။ လမ်းလျှောက်မဲ့အစား ကျောင်းအထိတိုင်ပြေးခဲ့ပါတယ်။ တစ်ခါတစ်လေ၊ ကျောင်းကိုဘယ်သူအရင်ရောက်မလဲဆိုတာသိဖို့ သူ့သူငယ်ချင်းတွေနဲ့ သူပြိုင်ခဲ့ပါတယ်။

ကျောင်းဆင်းတဲ့အခါ၊ သူ့အိမ်နားက ပန်းခြံထဲမှာသူငယ်ချင်းတွေနဲ့ ပြေးခဲ့ပါတယ်။ ယောကျ်ားလေးတွေဟာ ငါးမိနစ်ကနေဆယ်မိနစ်အတွင်း ပြေးကြပြီး၊ အနားယူပြီး ပြန်ပြေးခဲ့ကြပါတယ်။ စုစုပေါင်းမိနစ် ၃၀ ပြေးခဲ့ကြပါတယ်။

စပြီးပြေးတဲ့အချိန်မှာ၊ Simon အတွက်အရမ်းခက်တဲ့အလုပ်ဖြစ်ပြီး၊ ချွေးအရမ်းထွက်ခဲ့ပါတယ်။ ဒါပေမဲ့ မကြာခင်မှာပဲ၊ ပိုပြီးလွယ်လာခဲ့ပါတယ်။ လပေါင်းများစွာပြေးပြီးတဲ့နောက်မှာ၊ သိပ်ပြီးတော့ ချွေးမထွက်တော့ပါ။ ပြေးပြီးတဲ့အ

ချိန်မှာလည်း ရွှင်ရွှင်လန်းလန်းဖြစ်ခဲ့ပါတယ်။ သူ့ရဲ့စိတ်ခံစားမှုအခြေအနေဟာ ပိုတိုးတက်လာပြီး၊အိမ်စာတွေကို လွယ်ကူစွာလုပ်နိုင်ခဲ့ပါတယ်။

Simon အနေနဲ့ ကိုယ်ကာယလေ့ကျင့်ခန်းရဲ့ အရေးကြီးတဲ့အခြေခံသဘောတရားကို သိရှိလာခဲ့ပါတယ်။ အယ်လင်ဝိုက်က၊ "သင်တို့ရဲ့ကြွက်သားတွေဟာ အသုံးပြုဖို့ဖန်ဆင်းထားတာဖြစ်ပြီး၊ မလှုပ်ရှားပဲ နေဖို့မဟုတ်ပါ။ သင်တို့က လေ့ကျင့်ခန်းကိုပုံမှန်လုပ်ပါက သင်တို့ရဲ့စိတ်ဟာ ပိုပြီးမျှမျှတတ ဖြစ်လာကာ၊ သင်တို့ရဲ့အတွေးအခေါ်တွေလည်း ပိုပြီးစစ်မှန်လာပြီး၊ အကျင့်စာရိတ္တဟာပိုပြီးမြင့်မြတ်လာမယ်။ ပိုပြီးအိပ်ကောင်းလာတဲ့အပြင် ကျန်းမာရေးလည်းပိုကောင်းလာမှာဖြစ်ပါတယ်၊ မွန်မြတ်တဲ့အမှန်တရားအပေါ် သင်တို့ရဲ့အတွေးအခေါ်ဟာပိုကြည်လင်လာမှာဖြစ်ပြီး သင်တို့ရဲ့ကိုယ်ကျင့်တရားတန်ခိုးဟာ ပိုပြီး ကြံ့ခိုင်လာမှာဖြစ်ပါတယ်" ဆိုပြီး ပြောခဲ့ပါတယ်။(*Testimonies for the Church, vol.3,235).*

အဲဒီအကြောင်း သူမသိခင်၊ သူ အဌမတန်းအောင်မြင်ခဲ့ပါတယ်။

ယနေ့မှာ၊ Simon ဟာ အသက် ၂၁ နှစ်အရွယ်ရှိတဲ့ တက္ကသိုလ်ကျောင်းသားတစ်ယောက်ဖြစ်ပြီး၊ သူ့အသက်တာမှာ ကောင်းတဲ့အရာကို ကျောင်းကစပြီးပေးခဲ့တယ်လို့ သူပြောခဲ့ပါတယ်။ ပြေးဖို့ရယ်၊ သခင်ယေရှုအကြောင်းရယ်၊ သူသင်ယူခဲ့ပါတယ်။ သူကတကယ့်တကယ်ကောင်းတဲ့ သင်ကြားမှုကို ရရှိခဲ့ပါတယ်။

"ဒီကျောင်းတော်ကြီးအားဖြင့်၊ ကိုယ်ကျင့်တရားနဲ့ ဂုဏ်သိက္ခာရှိတဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်ဖို့ သခင်ဘုရားက ကူညီစောင်မခဲ့ပါတယ်" ဆိုပြီး သူပြောခဲ့ပါတယ်။

ဒီပထမကွာတာရဲ့ ၁၃ပတ် ဥပုသ်တော်နေ့အလှူငွေတစ်ချို့ကို အိန္ဒိယနိုင်ငံ၊အန်နီမြို့က မြော်လင့်ခြင်းအသင်းတော်ကျောင်းမှာ ပညာသင်ကြားနေတဲ့ ကလေးအယောက် ၄၅၀ အတွက် ကျောင်းအဆောက်အအုံအသစ်တစ်ဆောင်ဆောက်လုပ်ရာမှာကူညီ ပံ့ပိုးသွားမှာဖြစ်ပါတယ်။ ကလေးတွေဟာ ယခုအချိန်မှာ၊ ၁၉၇၆ ခုနှစ်တုန်းက ဂျာမဏီလူမျိုး သာသနာပြုဆရာများတည်ထောင်ခဲ့တဲ့ ကျောင်းဆောင်အဟောင်းလေးမှာ ပညာသင်ကြားနေကြပါတယ်။

မတ်လ ၃၀ ရက်နေ့မှာ ရက်ရောစွာထည့်ဝင်မဲ့သင်တို့ရဲ့ အလှူငွေအတွက်အထူးကျေးဇူးတင်ပါတယ်။

## “မမျှော်လင့်ခဲ့တဲ့ ပညာရေး”

ဇန်နဝါရီလ (၁၃) ရက်၊ တင်ပြသူ-Abhishek, India နိုင်ငံ၊

(အရွယ်ရောက်ပြီးသာ အမျိုးသားတစ်ဦးကို တင်ပြခိုင်းရန်)

Abhishek အတွက် မိဘတွေဟာ အလယ်ပိုင်းအိန္ဒိယနိုင်ငံမှာ ကျောင်းတစ်ကျောင်းကိုစတင်ရှာဖွေခဲ့ပါတယ်။ အဲ့ဒီအချန်မှာ သူဟာ သုံးနှစ်အရွယ်ဖြစ်ပါတယ်။

အဖေကတော့ ကျောင်းလခနည်းပြီး ကောင်းတဲ့ကျောင်းကို သူ့မိတ်ဆွေတွေဆီမှာမေးမြန်းခဲ့ပါတယ်။ အမေကတော့ Abhishek အတွက် အိမ်နီးချင်းတွေဆီမှာ အကြံညဏ်တောင်းခဲ့ပါတယ်။ မိဘတွေကဆင်းရဲပေမယ့်၊ သူတို့သားလေး ကောင်းတဲ့ပညာရေးကိုရရှိဖို့အတွက် ဆုံးဖြတ်ခဲ့ကြပါတယ်။

တစ်စုံတစ်ဦးက သူတို့အိမ်နားမှာရှိတဲ့ မြော်လင့်ခြင်းအသင်းတော်ကျောင်းကိုအကြံပေးခဲ့ပါတယ်။

အဖေနဲ့အမေကလည်း နောက်နေ့မှာအဲဒီကျောင်းကိုလိုက်ရှာခဲ့ပါတယ်။

အဲဒီနေ့က စနေနေ့ဖြစ်ပြီး၊ ကျောင်းဖွင့်လိမ့်မယ်လို့ သူတို့ထင်ခဲ့ကြပါတယ်။

“ကျေးဇူးပြုပြီး ကျောင်းအုပ်ဆရာကြီးဆီကို လိုက်ပို့ပေးပါ” ဆိုပြီး အဖေက၊ကျောင်းဝင်ပေါက်က အစောင့်တစ်ဦး ထံတောင်းဆိုခဲ့ပါတယ်။

အစောင့်ကလည်း၊ အဖေနဲ့အမေကို ကျောင်းရှိတဲ့ဝင်းထဲက ဘုရားကျောင်းဆီသို့ ဦးဆောင်ပြီးခေါ်သွားခဲ့ပါတယ်။

အမေနဲ့အဖေဟာ ဘုရားကျောင်းထဲမှာလူတွေဝတ်ပြုနေတာကိုတွေ့ပြီး အံ့သြခဲ့ကြပါတယ်။ ကျောင်းပိတ်ထားတာကို သူတို့သဘောပေါက်ခဲ့ပါတယ်။ ဒါပေမဲ့ သူတို့မထွက်သွားချင်ခဲ့ပါဘူး။

အမေနဲ့အဖေဟာ ဘုရားကျောင်းထဲမှာဝင်ပြီး ထိုင်ရင်းစောင့်ခဲ့ကြပါတယ်။

ဥပုသ်တော်နေ့ ဝတ်ပြုတဲ့အစီအစဉ် စပြီးပြုလုပ်ကျင်းပခဲ့ပါတယ်။ အိန္ဒိယနိုင်ငံမှာ ဘာသာစကားအမြောက်အမြားရှိပါတယ်။ ဒါပေမဲ့ ဝတ်ပြုတဲ့အစီအစဉ်မှာ သူတို့ဘာသာစကားကို အသုံးပြုတဲ့အတွက် မတ်တတ်ရပ်ပြီး ဥပုသ်တော်နေ့အကြောင်းကို သူဟောခဲ့ပါတယ်။

အဖေနဲ့အမေဟာ ဒုတိယအကြိမ် အံ့သြခဲ့ကြပြန်တယ်။ သူတို့ဟာ ခရစ်ယာန်ဖြစ်ပေမဲ့ သမ္မာကျမ်းစာက သွန်သင်တဲ့ တစ်ပတ်တာရဲ့ သတ္တမနေ့ဟာ ဥပုသ်နေ့ဖြစ်ကြောင်း သူတို့တစ်ခါမှ မကြားဖူးခဲ့ပါ။

ချက်ချင်းပဲ၊ စနေနေ့မှာ ဘာလို့ကျောင်းပိတ်တယ်ဆိုတာ သူတို့နားလည်သဘောပေါက်ခဲ့ကြပါတယ်။ ကျောင်းအနေနဲ့ သမ္မာကျမ်းစာရဲ့ သွန်သင်ချက်အရ၊ သတ္တမနေ့မှာ အလုပ်မလုပ်ဖို့ လိုက်နာစောင့်ရှောက်ခဲ့ပါတယ်။ အဖေနဲ့အမေက အဲ့တာကိုပိုပြီးသိချင်နေကြပါတယ်။ ဝတ်ပြုတဲ့အစီအစဉ်ပြီးတဲ့အခါ၊ ပါစတာထံမှာ ဥပုသ်နေ့နဲ့ပတ်သက်ပြီး သမ္မာကျမ်းစာထဲက သွန်သင်ချက်တွေကိုသင်ပေးဖို့ သူတို့တောင်းဆိုခဲ့ကြပါတယ်။ ပါစတာကလည်း သူတို့ဇနီးမောင်နှံကို ကျမ်းစာသင်ပေးဖို့ ခေါ်ဖိတ်ခဲ့ပါတယ်။

အဖေနဲ့အမေဟာ ပါစတာနဲ့အတူ ကျမ်းစာလေ့လာခဲ့ကြပြီး၊ Abhishek ဟာ သူငယ်တန်းမှာ သမ္မာကျမ်းစာဘာသာကို သင်ယူလေ့လာခဲ့ပါတယ်။ နေ့တိုင်း၊ ကျောင်းဆရာတွေက သမ္မာကျမ်းစာကနေ ပုံပြင်တွေကို ပြောပြခဲ့ပါတယ်။ Abhishek အနေနဲ့အထူးသဖြင့် ဒါဝိတ်နဲ့ဂေါလျက်အကြောင်းကို နှစ်သက်ခဲ့ပါတယ်။ ငယ်တဲ့ယောကျ်ားလေးတစ်ယောက်က သခင်ဘုရားရဲ့နာမတော်အားဖြင့် ကျောက်ခဲတစ်လုံးနဲ့ ဘီလူးကြီးကိုအောင်နိုင်မှုကို သူကြိုက်နှစ်သက်ခဲ့ပါတယ်။ ဒါဝိတ်က၊ “သင်သည် ဓားးလှံ၊ ကိဒုန်ပါလျက် ငါ့ထံသို့လာ၏။ ငါသည် သင်ကြိမ်းပသော ဣသရေလ ဗိုလ်ခြေတို့၏ ဘုရားသခင်၊ ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား၏ နာမတော်ပါလျက် သင်ရှိရာသိလာ၏” (၁ ဓမ္မရာဇဝင် ၁၇း၄၅) ဆိုပြီး ပြောခဲ့ပါတယ်။

Abhishek ဟာ ငယ်တဲ့ယောကျ်ားလေးဖြစ်ပေမဲ့၊ သင်ဘုရားရဲ့နာမတော်အားဖြင့် အမြဲပဲအသက်ရှင်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ သူဟာ ငယ်တဲ့ယောကျ်ားလေးဖြစ်ပေမဲ့၊ သခင်ဘုရားက သူ့အသက်တာမှာ ဘီလူးကြီးလို အရာဟူသမျှအပေါ် အောင်မြင်နိုင်ဖို့ ခွန်အားပေးမယ်ဆိုတာ သူသိခဲ့ပါတယ်။

Abhishek နဲ့ သူ့မိဘတို့ဟာ သမ္မာကျမ်းစာထဲကအမှန်တရားတွေကိုလေ့လာရင်း၊ သူတို့ရဲ့အိမ်မှာပဲ အသက်တာကိုစတင်ပြောင်းလဲခဲ့ပါတယ်။ သူတို့မိသားစုက ဥပုသ်နေ့ကို စတင်ပြီးစောင့်ရှောက်ခဲ့ကြပါတယ်။ အဖေနဲ့အမေက သူတို့ရဲ့နှလုံးသားကို သခင်ခရစ်တော်ထံမှာ ဆက်ကပ်ခဲ့ကြပါတယ်။

Abhishek ဟာ အသက်ကြီးလာလို့၊ အသင်းတော်ရဲ့ လှုပ်ရှားမှုတွေမှာလည်းပါဝင်ခဲ့ပါတယ်။ သူဟာ ကလေးပုရောဖက် ရှမွေလလိုပဲ အသင်းတော်အတွက် ပါဝင်လှုပ်ရှားရတာကို ပျော်ခဲ့ပါတယ်။ အသင်းထောက်တွေရဲ့အလုပ်မှာ သူကူညီခဲ့ပြီး၊ သီချင်းစာအုပ်တွေကို ခုံရှည်တွေပေါ်မှာ တင်ထားတဲ့အပြင်၊ မိုက်ခွက်တွေကိုလည်း ကြိုးကြပ်ထိန်းသိမ်းခဲ့ရပါတယ်။

ယနေ့၊ အဲဒီမိသားစုဟာ သခင်ဘုရားထံမှာ သူတို့ရဲ့ယုံကြည်ခြင်း ခိုင်မြဲပြီးကြီးထွားလျက်ရှိပါတယ်။ Abhishek ဟာ အသက် ၁၉ နှစ်အရွယ်တက္ကသိုလ်ကျောင်းသားတစ်ဦးဖြစ်ပါတယ်။

“ကျွန်တော့အနေနဲ့ သခင်ယေရှုရဲ့ဧဝံဂေလိသတင်းစကားကို ပျံ့နှံ့စေချင်ပြီး၊ သခင်ယေရှုကြွလာမယ့်အကြောင်း၊ လူတွေကိုပြောပြချင်ပါတယ်” ဆိုပြီး သူပြောခဲ့ပါတယ်။

ဒီပထမကွာတာရဲ့ ၁၃ ပတ် ဥပုသ်တော်နေ့အလှူငွေတစ်ချို့အားဖြင့် အိန္ဒိယနိုင်ငံ၊ Aurangabad မြို့က၊ Abhishek ရဲ့ ကျောင်းမှာ အထက်တန်းကျောင်းတစ်ကျောင်းဆောက်လုပ်တဲ့အခါ ကူညီထောက်ပံ့သွားမှာဖြစ်ပါတယ်။

မတ်လ ၃၀ ရက်နေ့ ရက်ရောစွာအလှူငွေလှူဒါန်းဖို့ သင်တို့အနေနဲ့ စီစဉ်တဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။

-ဝ-

## "ဥပုသ်တော်နေ့ မှာ ဘောလုံးပွဲ"

ဇန်နဝါရီလ (၂၀)ရက်၊ တင်ပြသူ-Cleaning, India နိုင်ငံ၊

(အရွယ်ရောက်ပြီးသား အမျိုးသားတစ်ဦးကို တင်ပြခိုင်းရန်)

Cleaning ဟာ ဘောလုံးပွဲအတွက် အသက်ရှင်ခဲ့ပါတယ်။ သူ့အနေနဲ့ အရှေ့မြောက်ပိုင်း အိန္ဒိယနိုင်ငံက သူ့ဇာတိမြို့မှာ ကျောင်းဆင်းပြီးရင် အားလပ်ချိန်တိုင်းဘောလုံးကစားခဲ့ပါတယ်။

ဒါပေမဲ့၊ Cleaning ဟာ စနေနေ့တိုင်း ဘောလုံးကစားရင်း၊ ဘောလုံးကွင်းရဲ့အခြားတစ်ဖက်မှာ လူတွေသီချင်းဆိုတာနဲ့၊ဆုတောင်းတာကို သူကြားခဲ့ရလို့ အရမ်းအံ့သြခဲ့ပါတယ်။ ဘောလုံးကွင်းဟာ မြော်လင့်ခြင်းအသင်းတော်ကျောင်းနဲ့ ဘုရားကျောင်းဝင်းရဲ့အနားမှာ တည်ရှိခဲ့ပါတယ်။

Cleaning ဟာ ခရစ်ယာန်မိသားစုကနေ ကြီးပြင်းလာခဲ့ပါတယ်။ သူ့အ သက်တာမှာခရစ်ယာန်ကျောင်းတွေမှာပဲ ပညာသင်ကြားခဲ့ပါတယ်။ ဒါပေမဲ့ စနေနေ့မှာဘုရားဝတ်ပြုတဲ့ ခရစ်ယာန်တွေအကြောင်း သူတစ်ခါမှမကြားခဲ့ဘူးပါ။ ဘောလုံးကွင်းပတ်ပတ်လည်မှာ သူဘောလုံးလိုက်ကန်ရင်း၊ "ဘာဖြစ်လို့ ဒီလူတွေက တနင်္ဂနွေနေ့အစားစနေနေ့မှာ ဘုရားဝတ်ပြုနေကြတာလဲ" ဆိုပြီး သူအံ့သြခဲ့ပါတယ်။

Cleaning အနေနဲ့ အစိုးရ ဆယ်တန်းစာမေးပွဲကို အောင်မြင်ခဲ့ပါတယ်။ အစိုးရစာမေးပွဲအတွက်ပြင်ဆင်ခဲ့တဲ့ မြို့ငယ်က ကျောင်းမှာ ၁၁ တန်းတက်ဖို့ သူလျှောက်ခဲ့ပေမဲ့ သူ့ကိုလက်မခံခဲ့ပါ။ စိတ်ဓါတ်ကျလို့ သူ့သူငယ်ချင်းနှစ်ယောက်ဆီမှာ အကြံတောင်းခဲ့ပါတယ်။ ယောကျ်ားလေးနှစ်ယောက်စလုံးက၊ ဘောလုံးကွင်းနားက မြော်လင့်ခြင်းကျောင်းမှာပညာသင်ဖို့စီစဉ်ခဲ့ကြပြီး၊ သူ့ကိုလည်းပါဝင်ဖို့ သူတို့က တိုက်တွန်းခဲ့ကြပါ တယ်။

Cleaning က အဒီကျောင်းမှာလျှောက်တော့၊ သူ့ကိုလက်ခံခဲ့ပါတယ်။ သူလည်းဝမ်းသာခဲ့ပါတယ်။

တစ်လလွန်သွားတဲ့အခါ၊ စနေနေ့တွေမှာ သူဘောလုံးကစားတဲ့အတောအတွင်း ဘာဖြစ်လို့ လူတွေကသီချင်းဆိုကြပြီး၊ဆုတောင်းရသလဲဆိုတာ သူသိရှိလာခဲ့ပါတယ်။ ကျောင်းမှာကမ္ဘာဦးကျမ်းအခန်းကြီး ၂ ထဲမှ၊ သခင်ဘုရားက စနေနေ့ကိုဖန်ဆင်းခြင်းရဲ့အဆုံးမှာသန့်ရှင်းတဲ့နေ့အဖြစ် သတ်မှတ်ထားကြောင်း ဖတ်ရှုခဲ့ရပါတယ်။ ထွက်မြောက်ရာကျမ်း ၂၀ မှာ ပညတ်တော်ဆယ်ပါးထဲက၊ဥပုသ်တော်နေ့စောင့်ထိန်းမှုရဲ့အရေးကြီးမှုကို သခင်ဘုရားက သူ့လူတွေကို သတိပေးခဲ့တာကို သူတွေ့ခဲ့ရပါတယ်။ သခင်ယေရှုကိုယ်တိုင် ဒီလောကမှာ နေတုန်းဥပုသ်နေ့ကိုသစ္စာရှိရှိ စောင့်ထိန်းခဲ့ပြီး၊ ဝတ်ပြုရာနေ့ကိုလည်းတနင်္ဂနွေနေ့သို့ တစ်ခါမှ မပြောင်းလဲကြောင်း သူသဘောပေါက်ခဲ့ပါတယ်။

Cleaning အနေနဲ့ မြော်လင့်ခြင်းအသင်းတော်ထဲဝင်လိုကြောင်း သူ့မိဘတွေကိုပြောပြခဲ့ပါတယ်။ သူ့မိဘတွေက သူ့ကိုဟန့်တားခဲ့ကြပါတယ်။ သူတို့စိတ်မချမ်းမသာဖြစ်မှာစိုးလို့၊ နောက်မှရေနှစ်ခြင်းခံဖို့ Cleaning ဆုံးဖြတ်ခဲ့ပါတယ်။

Cleaning ရဲ့ ဇာတိမြို့မှာ၊ မြော်လင့်ခြင်း အသင်းတော်မရှိသေးလို့ နွေရာသီကျောင်းပိတ်ချိန်မှာ အိမ်ကိုပြန်လာခဲ့ပါတယ်။ ဥပုသ်နေ့အစီအစဉ်မှာလဲသူမပါဝင်နိုင်ခဲ့ပါ။ သူကျောင်းကသင်ကြားခဲ့ရတဲ့ ဥပုသ်နေ့အကြောင်းကို သူ့မိဘနဲ့ မောင်နှမများဆီမှာပြန်ပြီးရှင်းပြခဲ့ပါတယ်။ ဒါပေမဲ့သူတို့ နားမထောင်ချင်ခဲ့ကြပါ။

"သားက မြော်လင့်ခြင်းအသင်းတော်ကျောင်းမှာ ပညာသင်ကြားတာကောင်းပါတယ်။ ဒါပေမဲ့ မြော်လင့်ခြင်းအသင်းသားဖြစ်ဖို့တော့ မလိုပါဘူး" ဆိုပြီး သူ့အမေကပြောခဲ့ပါတယ်။

သူ့အဖေကတော့ ပိုပြီး နိမိတ်မကောင်းခဲ့ပါ။

"မြော်လင့်ခြင်းအသင်းသားတစ်ယောက်ဖြစ်ဖို့ သင်ရွေးချယ်တယ်ဆိုရင်၊ ကျွန်ုပ်တို့မိသားစုဝင်မဟုတ်တော့ဘူး။ မိသားစုထဲကနေ သင့်ကိုပစ်ပယ်ရတော့မှာ" ဆိုပြီးအဖေက ပြောခဲ့ပါတယ်။

မြော်လင့်ခြင်းအသင်းတော်ကျောင်းကနေ သူ ၁၂ တန်းအောင်ခဲ့ပြီး၊ သူ့ဇာတိမြို့က ခရစ်ယာန်ကောလိပ်မဟုတ်တဲ့ ကောလိပ်မှာပညာသင်ယူခဲ့ပါတယ်။ သူကတော့ခရစ်ယာန်ကောလိပ်မှာပဲ ပညာသင်ချင်ခဲ့ပါတယ်။

တစ်နေ့မှာ ဘောလုံးကစားနေတုန်း၊ သူ့ဘောလုံးအသင်းထဲမှ မြော်လင့်ခြင်းအသင်းသားတစ်ယောက်က အင်အား ၁၀၀၀ သာသနာပြုခြင်းလို့ခေါ်တဲ့ ကျောင်းသားသာသနာပြုအဖွဲ့အစည်းတစ်ခုအကြောင်းကို ပြောပြခဲ့ပါတယ်။ Cleaning အနေနဲ့ကျောင်းသားသာသနာပြုအဖွဲ့မှာပါဝင်ခဲ့ပြီး၊ အဲ့ဒီအဖွဲ့ရဲ့ခေါင်းဆောင်နဲ့သူတွေ့ဆုံခဲ့ပါတယ်။

မကြာခင်မှာပဲ၊ မြော်လင့်ခြင်းအသင်းတော်ထဲသို့ သူဝင်ခဲ့ပြီး ကျောင်းသားသာသနာပြုသူတစ်ဦးအနေနဲ့ စတတ္ထတန်းကလေးတွေကို ရှစ်လကြာ စာသင်ပေးခဲ့ပါတယ်။

သူ့မိဘတွေကတော့ သူ့သား မြော်လင်ခြင်းအသင်းသားဖြစ်သွားလို့ဝမ်းနည်းခဲ့ကြပါတယ်။ ဒါပေမဲ့ သူဟာအိမ်မှာလုံးဝမနေတော့လို့ သူ့ကိုသူတို့ဒဏ်ပေးလို့မရခဲ့ပါ။

အဲဒီအတောအတွင်းမှာပဲ၊ Cleaning ဟာ ပါစတာတစ်ဦးဖြစ်ဖို့စိတ်ဆန္ဒပြင်းပြလာခဲ့ပြီး၊ Spicer မြော်လင့်ခြင်းတက္ကသိုလ်မှာဆက်လက်ပြီးပညာသင်ယူခဲ့ပါတယ်။

ယနေ့မှာ၊ သူဟာဘုရားတရားဘာသာကို အဓိကသင်ယူနေတဲ့ ဒုတိယနှစ်ကျောင်းသားဖြစ်ပါတယ်။ ဘောလုံးကစားနည်းကိုသင်ပေးခြင်းအားဖြင့် လူငယ်တွေရဲ့နှလုံးသားကိုတို့ထိမိဖို့လည်း သူမျှော်လင့်ခဲ့ပါတယ်။

"ကျွန်တော့ရည်မှန်းချက်ကတော့ ပါစတာဖြစ်ဖို့မကပဲ၊ ဘောလုံးကစားနည်းအားဖြင့် မြို့ထဲကလူငယ်တွေကို စည်းရုံးသိမ်းသွင်းမိဖို့ဖြစ်ပါတယ်။ ကျွန်တော် ဘောလုံးကစားနည်းသင်တဲ့ကျောင်းတစ်ကျောင်းကို ဖွင့်လှစ်တည်ထောင်ချင်ပြီး၊ လူငယ်တွေကိုဦးဆောင်လမ်းပြချင်ပါတယ်။ သင်တို့သိတဲ့အတင်း လူငယ်အမြောက်အမြားကဘောလုံး ကစားချင်ကြပါတယ်။ ဒီအားကစားနည်းဖြင့်၊ လူငယ်တွေကို သခင်ခရစ်တော်ထံသို့ပို့ဆောင်ချင်ပါတယ်" ဆိုပြီး သူပြောခဲ့ပါတယ်။

သူ့အနေနဲ့ သမ္မာကျမ်းစာအကြောင်းသိရှိပြီး၊ လိုက်လျှောက်မှုမှာပျော်ရွှင်မှုကို ခံစားခဲ့ရကြောင်း ပြောပြခဲ့ပါတယ်။ အဲဒီပျော်ရွှင်မှုကို သူ့မိသားတွေအားလုံးရရှိခံစားစေချင်ပါတယ်။

"ယောဟန် ၈း၃၂ 'သမ္မာတရားကိုလည်းသိကြသဖြင့်၊ ထိုတရားသည်သင်တို့ကို လွှတ်လိမ့်မည်' လို့ တမန်တော်ရှင်ယောဟန်ပြောတာကို ကျွန်ုပ်ယုံကြည်လက်ခံခဲ့ပါတယ်။ ဧဝံဂေလိသတင်းစကားဟောကြားသက်သေခံတဲ့ ပါစတာတစ်ဦးဖြစ်လာဖို့ ကျေးဇူးပြုပြီး ကျွန်တော့အတွက်ဆုတောင်းပေးကြပါ" ဆိုပြီး သူပြောခဲ့ပါတယ်။

ဒီပထမကွာတာရဲ့ ၁၃ ပတ်အလှူငွေတစ်ချို့ကို၊ Cleaning အနေနဲ့သတ္တမနေ့ဥပုသ်အကြောင်းကို အရင်သင်ကြားခဲ့တဲ့ကျောင်းလိုမျိုး အသင်းတော်ကျောင်း (၆) ကျောင်းဆောက်လုပ်ရာမှာ ကူညီပံ့ပိုးသွားမှာဖြစ်ပါတယ်။

မတ်လ ၃၀ရက်နေ့မှာ ရက်ရောစွာ အလှူငွေလှူဒါန်းဖို့ သင်တို့အနေနဲ့စီစဉ်ထားတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။

-ဝ-

## "သံစုံသီချင်းနဲ့ အော်ဂင်ကြောင့် ကြက်သီးမွေးထမှု"

ဇန်နဝါရီလ (၂၇)ရက်၊ တင်ပြသူ-Shakuntala & Joy, India နိုင်ငံ၊

(အရွယ်ရောက်ပြီးသား အမျိုးသားတစ်ဦးကိုတင်ပြခိုင်းရန်)

ကြော်ငြာလုပ်ငန်း အလုပ်အမှုဆောင်က သူ့ရုံးခန်းထဲမှာ နှစ်လိုဖွယ်ကောင်းတဲ့အသံစုံသီချင်းနဲ့ တေးဂီတလွင့်ပါးလာခဲ့လို့ သူ့လက်မောင်းပေါ်မှာ ကြက်သီးမွေးထခဲ့ပါတယ်။

အဲဒါဟာ အိန္ဒိယနိုင်ငံ၊ Bengaluru မြို့၊ သူမ လုပ်ဆောင်ခဲ့တဲ့ ကြော်ငြာလုပ်ငန်းကိုယ်စားလှယ်ရုံးက သူ့စာရေးစားပွဲနားမှာ၊အဲဒီသံစုံသီချင်းနဲ့တေးဂီတကို ပထမဆုံးအကြိမ်ကြားခဲ့ရတာ မဟုတ်ပါ။

အဲဒီ သံစုံသီချင်းနဲ့တေးဂီတကြောင့် သူ့လက်မောင်းပေါ်မှာကြက်သီးမွေးထတာလည်း ပထမအကြိမ်မဟတ်ပါ။

ဒါပေမဲ့၊ ဒီတစ်ကြိမ်မှာတော့ သူမအနေနဲ့ငြိမ်ပြီးတော့ ထိုင်လို့မရခဲ့ပါ။

Shakuntala အနေနဲ့၊ ဒုတိယထပ် သူ့ရုံးပြတင်းပေါက်ကနေ ဘာဖြစ်နေသလဲဆိုတာကြည့်ခဲ့ပါတယ်။ အဆောက်အအုံတစ်ခုထဲမှာ လမ်းမပေါ်ကလူတွေ ဝင်လိုက်ထွက်လိုက်လုပ်နေတာကို တွေ့မြင်ခဲ့ရပါတယ်။ အဆောက်အအုံထဲမှာ ဘာတွေဖြစ်နေသလဲဆိုတာ တွေ့ဖို့ဆန္ဒပြင်းပြလာခဲ့ပါတယ်။

ဖြည်းဖြည်း၊ ဖြည်းဖြည်းနဲ့ သူ့ရုံးကနေထွက်လာပြီးတော့၊ လမ်းမကြီးပေါ်မှာလမ်းလျှောက်လာခဲ့ပါတယ်။ သူမအနေနဲ့ တစ်ယောက်မှမသိလို့ အဆောက်အအုံထဲဝင်ဖို့ရှက်မိခဲ့ပါတယ်။

ဖြည်းဖြည်း၊ ဖြည်းဖြည်းနဲ့ အရှေ့ဝင်ပေါက်ထိ သူလမ်းလျှောက်ခဲ့ပါတယ်။

"သင်တို့ဘာလုပ်နေသလဲဆိုတာ ကျွန်မ ဝင်လာပြီးတော့၊ နားထောင်လို့ရမလား" ဆိုပြီး ဝင်ပေါက်နားက တစ်စုံတစ်ဦးဆီမှာ သူမက မေးခဲ့ပါတယ်။

"အထဲကို ဝင်လာပြီး ထိုင်ပါဦး" ဆိုပြီး အဲဒီအမျိုးသားက ကြင်နာစွာနဲ့ပြောခဲ့ပါတယ်။ Shakuntala အနေနဲ့၊ ထိုင်ပြီးတောနားထောင်ခဲ့ပါတယ်။

အော်ဂင်တီးရင်း သီဆိုတဲ့သံစုံသီချင်း မရှိတော့ပါ။ အဲဒီအစား၊ အမျိုးသားတစ်ဦးကပဲ သီချင်းဆိုနေခဲ့ပါတယ်။

သူသီချင်းဆိုတာ ပြီးဆုံးတဲ့အခါ၊ Shakuntala ဟာ သူ့ဆီမှာသွားပြီးတော့၊ "အော်ဂင်ကဘယ်မှာလဲ။ ကျွန်မရဲ့ ကြက်သီးမွေးထစေတဲ့ သီချင်းတွေ ဘယ်မှာလဲ" ဆိုပြီး သူမက မေးခဲ့ပါတယ်။ အဲဒီအမျိုးသားက အံ့ဩခဲ့ပါတယ်။

Shakuntala အနေနဲ့ လွန်ခဲ့တဲ့သုံးပတ်ကစပြီး၊ စနေနေ့တိုင်း သူ့ရုံးခန်းကနေသံစုံသီချင်းနဲ့အော်ဂင်အသံကို နားထောင်နေခဲ့ကြောင်း ရှင်းပြခဲ့ပါတယ်။

Shakuntala အနေနဲ့၊ သံစုံသီချင်းနားထောင်ဖို့ စနေနေ့နှစ်ရက် ဘုရားကျောင်းသို့ပြန်လာခဲ့ပါတယ်။ သံစုံသီချင်းသီဆိုချိန်မှာ ထိုင်ခုံပေါ်မှာရှိတဲ့သီချင်းစာအုပ်ကိုသူမကြည့်ခဲ့ပါတယ်။ သူမရဲ့အကြီးဆုံး ကြက်သီးမွေးထ စေခဲ့တဲ့သီချင်းနှစ်ပုဒ်ကတော့ "ဝေးလှသောတောင်ကုန်းပေါ်ကျူး" နဲ့ "ကောင်းပေသည် ဝိညာဉ်ဖို့ကျူး" ဆိုတာ သူမသိရှိလာခဲ့ပါတယ်။

တတိယမြောက် ဥပုသ်တော်နေ့မှ သူမအနေနဲ့ သံစုံသီချင်းနဲ့အောင်ဂင်ကိုနားထောင်တာမကပဲ သခင်ယေရှုအကြောင်း တရားဟောတာကိုလည်း ဆက်ပြီးနားထောင်ခဲ့ပါတယ်။

အိမ်ပြန်ရောက်တဲ့အခါ၊ "ဟိုဘုရားကျောင်းမှာ ကျွန်မကြားခဲ့တဲ့ သခင်ယေရှုအကြောင်းကို ကျွန်မသဘောကျတယ်။ အဲဒါကိုသဘောကျတယဆိုတော့၊ ကျွန်မအိမ်မှာ ဘာဖြစ်လို့ တစ်ခြားဘုရားတွေရဲ့ ပုံကားချပ်တွေကို ဆက်ထားရမှာလဲ" ဆိုပြီး သူမ စဉ်းစားခဲ့ပါတယ်။

အဲဒီပုံကားချပ်အားလုံးကို သူမ စွန့်ပစ်လိုက်ပါတယ်။

ဥပုသ်နေ့တိုင်း သူမဘုရားကျောင်းပုံမှန်သွားခဲ့ပြီး၊ သံစုံသီချင်းနဲ့အော်ဂင်နားထောင်နေတဲ့အချိန်အတွင်း သူမ ကြက်သီးမွေးထနေခဲ့ပါတယ်။

မကြာခင်မှာပဲ၊ ပါစတာက သူ့မိသားစုတွေနဲ့အတူ ဘုရားကျောင်းလာဖို့ခေါ်ဖိတ်ခဲ့ပါတယ်။

"စိတ်မပူပါနဲ့ ပါစတာ။ သူတို့လာကြမှာပါ" ဆိုပြီး သူမပြောခဲ့ပါတယ်။

သူတို့ တကယ်လာခဲ့ကြပါတယ်။ သူ့သား ဂျိူင်းနဲ့သူ့မြေးတွေလည်း စိတ်ဝင်စားခဲ့ကြပါတယ်။ သူ့အိမ်ဖော်ပါ ဘုရားကျောင်းလိုက်တက်ခဲ့ပါတယ်။

သမ္မာကျမ်းစာသင်ပြီးတဲ့နောက်၊ သူတို့မိသားစုတစ်စုလုံး ဘုရားသခင်ထံဆက်ကပ်အပ်နှံခဲ့ကြပါတယ်။

Shakuntala ဟာ နိုးကြားထကြွတဲ့ အသင်းသူတစ်ဦးဖြစ်ပါတယ်။ သူမရဲ့ မြေးယောကျ်ားလေးတစ်ဦးကတော့ ယခုအချိန်မှာ၊ လူငယ်ပါစတာတစ်ဦးအနေနဲ့အမှုတော်ထမ်းဆောင်နေပါတယ်။

ယနေ့မှာ၊ Shakuntala ဟာ အသက် ၈၄ နှစ်ရှိပြီး၊ ကြော်ငြာလုပ်ငန်းကနေ အငြိမ်းစားယူခဲ့ပါတယ်။

ဒါပေမဲ့ ၂၀၀၅ ခုနှစ်က၊ သူမ ပထမဆုံးကြားခဲ့တဲ့ သံစုံသီချင်းနဲ့အော်ဂင်အတွက် သူမကျေးဇူးတင်နေတုန်းပါ။ အဲဒါက သူမကို သခင်ယေရှုဆီ ပို့ဆောင်လမ်းပြခဲ့ပါတယ်။

“သံစုံသီချင်းနဲ့ အော်ဂင်ကြားတဲ့အခါတိုင်းမှာ ကျွန်မကြက်သီးမွေးတွေထနေတုန်းပါ” ဆိုပြီး သူမပြောခဲ့ပါတယ်။

ဒီပထမကွာတာရဲ့ ၁၃ ပတ်အလှူငွေတစ်ချို့ကို၊ အိန္ဒိယနိုင်ငံ၊Bengaluru မြို့ကShakuntala ရဲ့ လူစုလူဝေးအတွက် အင်္ဂလိပ်ဗဟိုအသင်းတော်ဘုရားအသစ်တစ်ဆောင်ဆောက်လုပ်ရာမှာ ကူညီပံ့ပိုးသွားမှာဖြစ်ပါတယ်။

မတ်လ ၃၀ ရက်နေ့မှာ၊ Bengaluru မြို့က လူများထံသို့ ကြက်သီးမွေးထစေနိုင်မယ့် နှစ်လိုဖွယ်ကောင်းတဲ့ သံစုံသီချင်းတွေနဲ့တေးဂီတတွေပို့ဆောင်နိုင်ဖို့အတွက်၊ ရက်ရောစွာလှူဒါန်းမယ့် သင်တို့ရဲ့အလှူငွေအတွက် အထူးကျေးဇူးတင်ပါတယ်။

-၀-

## “မိသားစုအတွက် ပြောင်းလဲစေသူတွေ”

ဖေဖော်ဝါရီလ (၃)ရက်၊ တင်ပြသူ-Twinkle & Milind, India နိုင်ငံ၊

(အရွယ်ရောက်ပြီးသား အမျိုးသမီးတစ်ဦးကိုတင်ပြခိုင်းရန်)

အတွင်းပိုင်းပုံစံထုတ်သူတစ်ဦးဟာ ကောင်းကင်နိုင်ငံအတွက် သက်သေခံတစ်ဦးဖြစ်နိုင်ပါ့မလား။

အိမ်ထောင်ပြုတဲ့စုံတွဲတစ်တွဲအနေနဲ့ အိန္ဒိယနိုင်ငံမှာ၊ အတွင်းပိုင်းပုံစံထုတ်လုပ်ငန်းအားဖြင့် သခင်ယေရှုအကြောင်းကို ဝေငှသက်သေခံဖို့ခေါ်ဖိတ်နေတယ်လို့၊ ခံစားကြရတဲ့အတွက် သူတို့ကိုယ်ပိုင်စီးပွားရေးစလုပ်ဖို့ လွယ်ကူသက်သာတဲ့အသက်မွေးဝမ်းကျောင်းအလုပ်ကို စွန့်ခဲ့ကြပါတယ်။

Twinkle တို့ လင်မယားအနေနဲ့၊ အိန္ဒိယနိုင်ငံ Bengarulu မြို့မှာ သူတို့ရဲ့ပထမကန်ထရိုက်စာချုပ်အတွက် သူတို့လက်မှတ်ထိုးတဲ့အခါ၊ အဲဒီအတွက်သူတို့စိတ်အားထက်သန်ခဲ့ကြပါတယ်။ ချမ်းသာတဲ့မိဘတွေက အသက် ၁၃ နှစ်အရွယ်ရှိတဲ့ သူတို့သား Arnav ရဲ့အိပ်ခန်းပုံစံ ပြန်ထုတ်ဖို့ တောင်းဆိုခဲ့ကြပါတယ်။

Twinkle နဲ့ Milind တို့အနေနဲ့၊ အိပ်ခန်းအတွက် အမေလိုချင်တာကိုနားထောင်ရင်း၊ သူမကပုံစံပြန်ထုတ်ဖို့ထက်လုပ်ချင်တာ ပိုများသလိုပါပဲ။ သူမအနေနဲ့အံ့သြဖွယ်ဖြစ်ရပ်အတွက် လိုက်လံရှာဖွေနေခဲ့ပါတယ်။ Arnav ဟာ အငြိမ်မနေတတ်တဲ့ယောကျ်ားလေးဖြစ်လို့၊ သူ့အိပ်ခန်းအသစ်က သူ့ရဲ့စိတ်ကိုတည်ငြိမ်စေမှာပဲလို့ သူမ မျှော်လင့်ခဲ့ပါတယ်။ ဒါ့အပြင်၊ သူဟာ အိပ်ခန်းထဲမှာ (၆) နှစ်လုံးလုံးအိပ်မပျော်ခဲ့ပါ။ ဒါကြောင့်မို့သူမအနေနဲ့ တစ်ချိန်ချိနမှာ သူ့သားနဲ့အတူအိပ်ချင်ခဲ့ပါတယ်။

“အဲဒီမှာ ကျွန်အိပ်မပျော်ခဲ့ပါ။ ဘာကြောင့်လဲဆိုတာ ကျွန်မ မသိပါ” ဆိုပြီးသူမပြောခဲ့ပါတယ်။

Twinkle နဲ့ Milind တို့အနေနဲ့၊ အိပ်ခန်းနဲ့ပတ်သက်ပြီး ဘာလုပ်ရမှန်းမသိကြပါ။ ဒါပေမဲ့၊ ဘယ်ကနေစရမလဲဆိုတာ သူတို့ သိခဲ့ပါတယ်။

သူတို့ဒူးထောက်ပြီး၊ “အို၊ သခင်ဘုရား၊ ကိုယ်တော်ရဲ့ဘုန်းတော်အတွက် အိပ်ခန်းကိုဘယ်အရောင်နဲ့ဆေးသုတ်ပြီး ဘယ်လိုအလှဆင်ရမယ်ဆိုတာ ကျေးဇူးပြုပြီး အကြံပေးတော်မူပါ” ဆိုပြီး Twinkle ကဆုတောင်းလိုက်ပါတယ်။

ပြီးတော့၊ အဲဒီလင်မယားက အိပ်ခန်းထဲကအရာတွေကို အပြင်မှာထားခဲ့ကြပါတယ်။ သူတို့က ယောကျ်ားလေးရဲ့ကုတင်ကို အပြင်သို့သယ်ဆောင်ခဲ့ပါတယ်။ သူတို့က စာအုပ်စင်ကိုထုတ်ပစ်လိုက်တဲ့အခါ ရုပ်တုတွေကိုတွေ့ခဲ့ရပါတယ်။

Twinkle နဲ့ Milind တို့အနေနဲ့၊ အဲဒီရုပ်တုတွေကို ဘယ်လိုလုပ်ရမှန်းမသိခဲ့ကြပါ။ Arnav နဲ့ သူ့အမေက အဲဒီရုပ်တုတွေကိုရှိခိုးခဲ့ကြပြီး၊ အဖေကတော့ ဘုရားတရား မယုံကြည်သူတစ်ဦးဖြစ်ပါတယ်။

အဲဒီရုပ်တုတွေကိုအိပ်ခန်းထဲကနေ သယ်ဆောင်နေတာကို အဖေတွေ့တဲ့အခါ၊ “ဟိုရုပ်တုတွေကို သတင်းစာစာရွက်ဟောင်းနဲ့ထုပ်ပြီးတော့၊ လွှင့်ပစ်ရင်မကောင်းဘူးလား” ဆိုပြီး သူကပြောခဲ့ပါတယ်။

Twinkle နဲ့ Milind တို့အနေနဲ့၊ အဲဒါကိုအကြံကောင်းဖြစ်မယ်လို့ စဉ်းစားခဲ့ကြပါတယ်။ သူတို့က ရုပ်တုတွေကိုသတင်းစာစာရွက်ဟောင်းနဲ့ထုပ်ပြီးတော့ လွှင့်ပစ်ခဲ့ကြပါတယ်။

ပြီးတော့၊ အိပ်ခန်းကို သူတို့ဆေးပြန်သုတ်ခဲ့ပါတယ်။ သူတို့ပြီးတဲ့အခါ၊ မှန် ဘောင်ခတ်ပြီး ကျမ်းချက်တွေရေးထားတဲ့ပန်းချီကားချပ်တွေကို အခန်းရဲ့နံရံပေါ်မှာ ချိတ်ထားခဲ့ကြပါတယ်။ ပန်းချီကားချပ်တစ်ချပ်ပေါ်မှာ၊ “သင်သည် ကြောက်မက်ဘွယ်ရာလက္ခဏာ၊ ထူးဆန်းသော လက္ခဏာတို့နှင့် ပြည့်စုံသည်” လို့ရေးသားထားပါတယ်။ ဆာလံကျမ်း ၁၃၉း၁၄ မှ ကိုးကားချက်ဖြစ်ကြောင်းမဖော်ပြခဲ့ပါ။ တစ်ခြားပန်းချီကားတစ်ချပ်ပေါ်မှာ၊ “သင်သည် ဘုရားသခင်၏ ပန်းချီလက်ရာဖြစ်ပါသည်” လို့ရေးထားပြီး၊ ဧဖက် ၂း၁၀ မှ ကိုးကားချက်ဖြစ်ကြောင်း မဖော်ပြခဲ့ပါ။ တတိယပန်းချီကားချပ်ပေါ်မှာကျတော့၊ ရိုးရိုးလေးနဲ့ “သင့်ကိုချစ်ခဲ့တယ်” လို့ရေးသားထားပါတယ်။

Anav နဲ့ သူ့မိဘတွေက အိပ်ခန်းအသစ်ကို ကျေနပ်နှစ်သိမ့်ခဲ့ကြပါတယ်။

တစ်ပတ်လောက်ကြာတဲ့အခါ၊ အမေက “Arnav ရဲ့ ပြုမူကျင့်ကြံပုံဟာ အကောင်းဖက်မှာ ပြောင်းလဲနေတာ ကျွန်မတို့ တွေ့မြင်နေရပါတယ်။ သူ့အိပ်ခန်းထဲမှာ ကျွန်မသွားလို့ရခဲ့ပြီ။ စိတ်ချမ်းသာပါတယ်” ဆိုပြီး ကျေးဇူးတင်တဲ့စာကို Twinkle ဆီမှာဖုန်းနဲ့ ရေးပို့ခဲ့ပါတယ်။

(၆) နှစ်အတွင်းမှာ ပထမအကြိမ် အိပ်ခန်းထဲမှာအိပ်ရတာ အိပ်ပျော်ခဲ့ကြောင်းထပ်ရေးပို့ခဲ့ပါတယ်။

Twinkle နဲ့သူ့ခင်ပွန်းဟာ အဲဒီသတင်းကြောင့် ပျော်မြူးခဲ့ကြပါတယ်။

အပြန်အလှန်စကားပြောရာမှာ၊ Twinkle အနေနဲ့ ဟေရှာယ ၅၅း၁၁ ထဲကနေကိုးကားပြီးတော့၊ “ငါ၏နှုတ်ကပတ်စကားသည် ဖြစ်လိမ့်မည်။ အကျိုးမရဘဲ ငါ့ထံသို့မပြန်ရ’ လို့သမ္မာကျမ်းစာက ကတိပေးထားပါတယ်။ ဒါကြောင့်မို့၊ နေ့စဉ်နေ့တိုင်း Arnav အနေနဲ့ အဲဒီကျမ်းချက်ကို ဖတ်တဲ့အခါ၊ သူ့အကျင့်စာရိတ္တဟာ အကောင်းဖက်သို့ပြောင်းလဲလာတာဖြစ်တယ်” ဆိုပြီး Twinkle ကပြောခဲ့ပါတယ်။

အဲဒီပထမဆုံးအိပ်ခန်းကနေစပြီးတော့၊ သူတို့လင‌မယားဟာ အခန်းများစွာကိုပြန်လည်မွမ်းမံခဲ့ကြပါတယ်။

သူတို့အနေနဲ့ စီမံကိန်းတစ်ခုခုမစခင်မှာ အမြဲပဲဆုတောင်းခဲ့ကြပါတယ်။ အခန်းတိုင်းမှာ ဘာရုပ်တုမှမထားခဲ့ပါ။ အဲဒီအစား၊ အခန်းတိုင်းဟာ ကျမ်းချက်တွေနဲ့ ပြည့်နှက်စေခဲ့ပါတယ်။ တစ်စုံတစ်ဦးက သခင်ဘုရားအကြောင်းမေးခဲ့သော်၊ သမ္မာကျမ်းစာသင်ပေးတဲ့ သူတို့ရဲ့သူငယ်ချင်းတစ်ဦးနဲ့ ဆက်သွယ်ဖို့ သူတို့ပြောပြခဲ့ပါတယ်။

"သခင်ဘုရားနဲ့တွဲပြီး စီးပွားရေးလုပ်တာ ကောင်းပါတယ်။ ယခုအချိန်မှာ၊ ကျွန်မတို့ရဲ့စီးပွားရေးလုပ်ငန်းဟာ သာသနာပြုလုပ်ငန်းဖြစ်ပါတယ်" ဆိုပြီး Twinkle ကပြောခဲ့ပါတယ်။

"မိသားစုပြောင်းလဲစေသူ အနေနဲ့ အိမ်တွေထဲမှာ ကျွန်မတို့ဝင်ပါတယ်။ ကျွန်မတို့ အိမ်တွေကိုပြောင်းလဲစေပြီး၊ နေရာသာမကပဲ၊ နေထိုင်တဲ့လူတွေကိုလည်း ပြောင်းလဲစေပါတယ်။ ဘောင်ခတ်တဲ့ ပန်းချီကားချပ်တွေကို ကျွန်မတို့ ချိတ်ဆွဲပြီး ကျန်တာကိုသခင်ဘုရားက လုပ်ဆောင်တော်မူပါတယ်" ဆိုပြီး Twinkle က ထပ်ပြီးတော့ပြောခဲ့ပါတယ်။

ဒီပထမကွာတာရဲ့ ၁၃ ပတ် ဥပုသ်နေ့အလှူငွေတစ်ချို့ကို အိန္ဒိယနိုင်ငံ၊ Bengaulru မြို့က Twinkle နဲ့ Milind တို့ရဲ့ လူစုလူဝေးအတွက်၊ အင်္ဂလိပ်ဗဟိုအသင်းတော်ဘုရားကျောင်းတစ်ဆောင်ဆောက်လုပ်ရာမှာ ကူညီပံ့ပိုးသွားမှာဖြစ်ပါတယ်။

မတ်လ၃၀ရက်နေ့မှာ၊ ရက်ရောစွာလှူဒါန်းမယ့် အလှူငွေအတွက်အထူးကျေးဇူးတင်ပါတယ်။

-ဝ-

## "ဈေးကြီးလွန်းတဲ့ လက်ဖက်ရည်တစ်ခွက်"

ဖေဖော်ဝါရီလ (၁၀) ရက်၊ တင်ပြသူ-Terrance, India နိုင်ငံ၊

(အရွယ်ရောက်ပြီးသား အမျိုးသားတစ်ဦးကို တင်ပြခိုင်းရန်)

Terrance ဟာ အိန္ဒိယနိုင်ငံက Lowry မြော်လင့်ခြင်းတက္ကသိုလ်မှာ သူနာပြုအတန်းအတွက် အိမ်စာကိုတစ်ညလုံး လုပ်ခဲ့ပါတယ်။

သူဟာ ကျောင်းဝင်းထဲမှာမနေပဲ သူငယ်ချင်းတစ်ယောက်ရဲ့အိမ်မှာစာကြည့်နေခဲ့ပါတယ်။ သူဟာ လက်ဖက်ရည် စွဲနေခဲ့ပြီး၊ တစ်ညလုံးနိုးနေဖို့ ပူပူနွေးနွေးလက်ဖက်ရည်ကို နည်းနည်းချင်းစီ စုပ်သောက်ခဲ့ပါတယ်။

မနက် ၄နာရီခွဲလောက်မှာ Terrance ဟာ နောက်လက်ဖက်ရည်တစ်ခွက်သောက်ဖို့ မီးဖိုချောင်သို့သွားခဲ့ပါတယ်။ ဒါပေမဲ့ လက်ဖက်မရှိတော့လို့ သူဘာလုပ်ရမှန်းမသိခဲ့ပါ။ သူ့အိမ်စာကိုမပြီးပြီးအောင်လုပ်ရမှာဖြစ်လို့ နိုးထအောင် ကြိုးစား ရုန်းကန်ခဲ့ရပါတယ်။

ပြီးတော့၊ သိပ်မဝေးလှတဲ့လမ်းမကြီးဘေးက ဆိုင်ခန်းမှာ ပုံကျဈေးသည်အနေနဲ့ ပူနွေးတဲ့လက်ဖက်ရည်ရောင်း တာကို သူသတိရခဲ့ပါတယ်။ သူ့သူငယ်ချင်းရဲ့မော်တော်ဆိုင်ကယ်နဲ့ လက်ဖက်ရည်ဆိုင်သို့ ဝိုးခနဲသွားပြီး၊ သူ့ရဲ့အိမ် စာကိုအပြီးသတ်ဖို့အတွက်ဝိုးခနဲ ပြန်လာရမှာဖြစ်ပါတယ်။

မကြာခင်မှာပဲ၊ လမ်းမကြီးပေါ်မှာ တစ်နာရီ ၅၅ မိုင်နှုန်းနဲ့ဆိုင်ကယ်မောင်းခဲ့ပါတယ်။ Bengaluru မြို့ ထဲမှာ သတ်မှတ်ထားတဲ့မိုင် ၃၀ရဲ့ နှစ်ဆနီးပါး သူမောင်းခဲ့ပါတယ်။ ဆိုင်ကယ်ဦးထုပ်လည်း မဆောင်းခဲ့ပါ။

ချက်ချင်းပဲ၊ ကားတစ်စီး သူ့အနားကပ်လာခဲ့ပါတယ်။ အမြန်နှုန်းကလည်းအတူတူဖြစ်ပြီး၊ အဲဒီကားပေါ်မှာ အရက်မူးနေတဲ့လူငယ်တွေအပြည့်ထိုင်နေကြပါတယ်။ လူငယ်တွေက သူတို့ကားကို Terrance မောင်းတဲ့မော်တော်ဆိုင်နဲ့ နီးသထက်နီးအောင်မောင်းခဲ့ကြပါတယ်။ Terrance အနေနဲ့ အဝေးဆုံးသို့ရောက်အောင်ကြိုးစားခဲ့ရပါတယ်။ လူငယ် တွေက ရယ်မောပြီးတော့၊ ပိုပြီးနီးကပ်အောင်မောင်းခဲ့ကြပါတယ်။

Terrance ဟာ စိတ်ပူပြီးတော့ ဆိုင်ကယ်ဟွန်းအသံမြည်စေခဲ့ပါတယ်။ လူငယ်တွေက သူ့ကို ဘီယာဘူးတွေနဲ့ ပစ်ခဲ့ကြပါသေးတယ်။

Terrance ဟာ စိတ်ဆိုးပြီး သူတို့ကိုအော်ဟစ်ခဲ့ပါတယ်။ လူငယ်တွေက စော်ကားမှုတွေနဲ့ အသံကုန်အော်ဟစ် ခဲ့ကြပြန်ပါတယ်။

အဲဒီအချိန်မှာ Terrance က သွားနေတဲ့လမ်းကိုမေ့သွားခဲ့တယ်။ သူအရမ်းဒေါသထွက်ခဲ့ပါတယ်။ သူက တစ်နာရီ ၆၅ မိုင်နှုန်းနဲ့ဆိုင်ကယ်ကိုမောင်းခဲ့ပါတယ်။ သူ့ရှေ့မှာဘာတွေရှိသလဲ သူမမြင်ခဲ့ပါ။ အဲဒါဟာ အမြန်နှုန်းလျှော့တဲ့ အတုံး ကြီးဖြစ်ပါတယ်။

အဲဒီအတုံးကြီးကို သူတိုက်လိုက်ပြီး ဘာမဆို မှောင်သွားခဲ့ပါတယ်။ ခဏလေး၊ Terrance က ခံပြောနေခဲ့ပြီး၊ တစ် စုံတစ်ဦးက မီးပိတ်သလို ဖြစ်ပျက်ခဲ့ပါတယ်။

နောက်ပြီးတော့ Terrance ဟာ ကုတင်ပေါ်ကနိုးထလာခဲ့ပါတယ်။ နာရီကြည့်လိုက်တော့ ၈း၄၅ ရှိနေပါပြီ။ အဲဒီအချိန်ဟာ စာသင်ခန်းမှာသားပြီးတော့ သူ့ရဲ့သူနာပြုအိမ်စာကို အပ်ဖို့အချိန်ဖြစ်ပါတယ်။

Terrance ဟာ ထဖို့ ကြိုးစားခဲ့ပေမဲ့၊ လုံလုံးလှုပ်ရှားလို့မရခဲ့ပါ။ ကူညီဖို့ သူ့သူငယ်ချင်းတွေကိုခေါ်ခဲ့ပေမဲ့၊ နောက်မှ သူ့ဘော်ဒါဆောင်ခန်းထဲမှာ သူမနေမှန်း သေသေချာချာသူသိလာခဲ့ပါတယ်။ သူ့အနီးအနားကို သူကြည့်ခဲ့ပေမဲ့ ဘယ် နေရာလဲဆိုတာ သူမသိခဲ့ပါ။ ပြက္ခဒိန်တစ်ခုကို သူတွေ့ခဲ့ပါတယ်။ ဇူလိုင်လမှာ သူနာပြုဘာသာအတွက် အိမ်စာလုပ်နေ တာကို သူသတိရခဲ့ပါတယ်။ ဒါပေမဲ့ ပြက္ခဒိန်မှာတော့ ဩဂုတ်လဖြစ်နေပါတယ်။ နံရံပေါ်က သူ့မိဘနဲ့သူ့အစ်ကိုတို့ရဲ့ ဓါတ်ပုံထဲက သူမှတ်မိတာသူ့အစ်ကိုပုံပဲဖြစ်ပါတယ။ သူဟာ အိမ်မှာ ရှိနေခဲ့ပေမဲ့ သူမသိလိုက်ခဲ့ပါ။

ချက်ချင်းပဲ၊ အခန်းထဲမှာ အမေဝင်လာပြီး Terrance ကိုဖက်ပြီးငိုခဲ့ပါတယ်။ "သားနိုးလာလို့ အရမ်းပဲဝမ်းသာ တယ်" ဆိုပြီး သူမကပြောခဲ့ပါတယ်။

Terrance အနေနဲ့ "သင်က ဘယ်သူလဲ" ဆိုပြီး ပြန်မေးခဲ့ပါတယ်။

သူ့စကားလုံးက အမေ့နှလုံးသားကို ကျိုးပဲ့စေခဲ့ပါတယ်။

တစ်ပတ်မကြာခင်မှာ Terrance အနေနဲ့ သူ့မိဘတွေကို မှတ်မိလာခဲ့ပါတယ်။ သူဘာတွေဖြစ်ပျက်ခဲ့သလဲဆိုတာ သိဖို့ မိဘတွေကကူညီပေးခဲ့ပါတယ်။

မတော်တဆထိခိုက်မှုဖြစ်တဲ့ညမှာ Lowry မြော်လင့်ခြင်းတက္ကသိုလ်က ပါစတာအနေနဲ့ ရဲဌာနကနေ၊ "လူငယ် တစ်ယောက်ရဲ့ကိုယ်ခန္ဓာကိုလာယူပါ" ဆိုတဲ့ ဖုန်းခေါ်ဆိုမှုကို လက်ခံရရှိခဲ့ပါတယ်။

Terrance က ဆိုးဆိုးဝါးဝါး ဒဏ်ရာရခဲ့လို့ အဲဒီကိုယ်ခန္ဓာက သူ့ဟာလားဆိုတာသေသေချာချာသိဖို့ အချိန်အ တော်ယူခဲ့ရပါတယ်။ ကားထဲကအရက်သမားတွေဘာတွေဖြစ်ပျက်ခဲ့သလဲဆိုတာ ဘယ်သူမှမသိခဲ့ကြပါ။

Terrance ဟာ ကယောင်ကတမ်းဖြစ်ပြီး ရက်အတော်ကြာမှသတိရလာခဲ့ပါတယ်။ ဆေးရုံသုံးရုံလွှဲပြောင်းပြီး ဆေးကုသမှုခံယူခဲ့ရပါတယ်။

သူ့မိဘတွေဟာ သူ့ကိုပထမဆုံးတွေ့တဲ့အချိန်မှာ ထိတ်လန့်ခဲ့ကြပါတယ်။ သူ့ဆေးရုံကုန်ကျစရိတ်အတွက် သူတို့ ပိုက်ဆံမရှိကြပါ။ Lowry မြော်လင့်ခြင်းတက္ကသိုလ်က သူငယ်ချင်းတွေအနေနဲ့ ပိုက်ဆံနဲ့ဆုတောင်းခြင်းအားဖြင့် ကူညီခဲ့ ကြပါတယ်။ ပါစတာက ခဏခဏ သွားလည်ပတ်ဆုတောင်းပေးခဲ့ပါတယ်။ မတော်တဆထိခိုက်မှု ဖြစ်ပျက်ခဲ့တဲ့အချိန် ကနေ Terrence အနေနဲ့တက္ကသိုလ်သို့ ပြန်လာတာ သုံးလကြာခဲ့ပါတယ်။

ယနေ့မှာ၊ သူဟာ သူနာပြုဆရာတစ်ဦးဖြစ်ပါတယ်။ သခင်ဘုရားရယ်၊ သူ့မိသားစုရယ်၊ တက္ကသိုလ်က သူငယ် ချင်းတွေအပေါ်မှာ သူ့ရဲ့ဒုတိယအသက်တာအတွက်ကျေးဇူးတင်ခဲ့ပါတယ်။ သူ့နှလုံးသားကို သခင်ယေရှုဆီမှာဆက်ကပ်ဖို့ သူဂရုမစိုက်ခဲ့ပါ။

မတော်တဆထိခိုက်မှုပြီးမှ၊ "ဟိုတစ်နှစ်တုန်းက ကျွန်တော်ရေနှစ်ခြင်းခံခဲ့ရမှာဖြစ်ပေမဲ့ အထိတ်တလန့်ဖြစ်လို့ ရေနှစ်ခြင်းမခံခဲ့ပါ။ ဘာမဆိုလုပ်လေရာကိုင်လေရာမှာသတိထားဖို့ စဉ်းစားခဲ့လို့ အကြာကြီးစောင့်ခဲ့ရပါတယ်။ မတော်တ ဆထိခိုက်မှုမှာကျတော့၊ လုံးလုံးမစောင့်ရတော့ဖို့ ခံစားသိမြင်လာခဲ့ပါတယ်။ နောက်အသက်တာမှာ ဘာဖြစ်လာမလဲ ဆိုတာ တစ်ခါမှ ကျွန်ုပ်တို့အနေနဲ့ လုံးဝမသိပါဘူး" ဆိုပြီး သူက ပြောခဲ့ပါတယ်။

တက္ကသိုလ်မှာ သူရေနှစ်ခြင်းခံခဲ့ပါတယ်။

Terrance အနေနဲ့ မတော်တဆထိခိုက်မှုကနေ နိုးကြားတက်ကြွစေတဲ့ လက်ဖက်ရည်ကိုမသောက်တော့ဖို့ သင်ခန်းစာပေးခဲ့ပါတယ်။

"ကျွန်တော့ရဲ့ ဖြစ်ရပ်မှန်ဝတ္ထုအတွက် ခေါင်းစဉ်တပ်မယ်ဆိုရင် 'ကျွန်တော့အသက်တာရဲ့ ဈေးအကြီးဆုံး လက် ဖက်ရည်' လို့ ပြောပါမယ်။ ကျွန်တော့အသက်နဲ့လဲရသလိုဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ယခုအဖြစ်အပျက်ကို ပြန်စဉ်းစားတဲ့အခါ၊ အဲဒါဟာ တန်တယ်လို့ပြောရမှာပဲ။ သခင်ဘုရားဆီက သင်ခန်းစာတစ်ခု ကျွန်တော်လိုအပ်ခဲ့တယ်။ ကျွန်တော့မှာ မှန် ကန်တဲ့လမ်းပေါ်ပြန်ပို့ဆောင်ဖို့ မရှိမဖြစ်လိုနေခဲ့ပါတယ်" ဆိုပြီး သူပြောခဲ့ပါတယ်။

အထူးသဖြင့် လူငယ်တွေအပေါ် သူ့ရဲ့သတိပေးချက်က ရိုးရိုးလေးပါပဲ။ "ဒီလောကမှာ လူတိုင်းအတွက်သခင် ဘုရားက အစီအစဉ်ရှိပါတယ်။ အနာဂတ်မရှိဘူးလို့ သင်ခံစားရတဲ့အချိန်မှာတောင် ယေရမိ ၁း၅ ထဲက 'သင့်ကိုအ မိဝမ်းထဲ၌ငါမဖန်ဆင်းမှီသင့်ကိုငါသိပြီ' လို့ ကိုယ်တော်ပြောတာကိုသတိရလိုက်ပါ။ ကျွန်တော် နလန်ထူလာတဲ့အခါ၊ အဲဒီ ကျမ်းချက်ကို အထပ်ထပ်ရွတ်ဆိုခဲ့ပါတယ်။ သင့်အနေနဲ့ တစ်ခါမှမမျှော်လင့်ခဲ့တဲ့၊ မစဉ်းစားမိခဲ့တဲ့ ကျေးဇူးတော်ကို လက်ခံရရှိဖို့အတွက် သခင်ဘုရားဆီမှာအစီအစဉ်တွေရှိပါတယ်" ဆိုတာပါပဲ။

ဒီပထမကွာတာရဲ့ ၁၃ ပတ် ဥပုသ်တော်နေ့အလှူငွေတစ်ချို့ကို အိန္ဒိယနိုင်ငံ၊ Bengaluru မြို့က Lowry မြော်လင့်ခြင်းတက္ကသိုလ်ရဲ့ဝင်းထဲမှာ အင်္ဂလိပ်ဘုရားကျောင်းအသစ်တစ်ဆောင်ဆောက်လုပ်ရာမှာ ကူညီပံ့ပိုးသွားမှာ ဖြစ်ပါတယ်။ နှစ်ပေါင်းတစ်ရာထက်ကြာတဲ့သမိုင်းမှာ တက္ကသိုလ်က မိမိကျောင်းသားတွေအတွက် ကြီးမားလုံလောက်တဲ့ ဘုရားကျောင်း အဆောက်အအုံတစ်ခါမှ မရှိခဲ့ဘူးပါ။

မတ်လ ၃၀ ရက်နေ့မှာ၊ ရက်ရောစွာ အလှူငွေလှူဒါန်းဖို့သင်တို့အနေနဲ့ စီစဉ်တဲ့အတွက် အထူးကျေးဇူး တင် ပါတယ်။

## "သားသမီးမထွန်းကားတဲ့ ပျော်ရွှင်သော မုဆိုးမ"

ဖေဖော်ဝါရီလ (၁၇)ရက်၊ တင်ပြသူ-Ratnamaya, နီပေါနိုင်ငံ

(အရွယ်ရောက်ပြီးသား အမျိုးသမီးတစ်ဦးကို တင်ပြခိုင်းရန်)

Ratnamaya အနေနဲ့ နီပေါနိုင်ငံမှာ အသက်၁၃ နှစ်အရွယ်ရောက်တဲ့အခါအိမ်ထောင်ပြုခဲ့ပါတယ်။

နှစ်ပေါင်းများစွာကြာပေမယ့် ကလေးတစ်ယောက်မှမရရှိခဲ့ပါ။ မြို့ထဲကလူတွေ၊ သူငယ်ချင်းတွေနဲ့ဆွေမျိုးတွေရဲ့ ကျိန်ဆဲမှုကိုခံရတယ်ဆိုပြီး အထင်သေးခဲ့ကြပါတယ်။

သူ့ခင်ပွန်းကလည်း သူမကိုအပြစ်တင်ပြီး အရက်တွေအလွန်အကျွံသောက်ခဲ့ပါတယ်။

Ratnamaya ဟာ အရမ်းဝမ်းနည်းခဲ့ပါတယ်။ သူမအနေနဲ့ ဒီလောကမှာ တစ်စုံတစ်ရာထက် ကလေးတစ်ယောက ရချင်မိတယ်။ သူမလည်း ကိုယ်ဝန်ရနိုင်ဖို့ဘာမဆို ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ ဘာမှထူးမလာခဲ့ပါ။

အသက်တာက ပိုပြီး မဆိုးရွားလာသလိုဖြစ်တဲ့အချိန်မှာပဲ၊ သူ့ခင်ပွန်းလဲရုတ်တရက်ဆုံးသွားခဲ့ပါတယ်။

Ratnamaya ရဲ့ ဝမ်းနည်းမှုဟာတိုးပွားခဲ့ပါတယ်။ ကလေးမရှိလို့ မုဆိုးမဘဝနဲ့စိတ်ဒုက္ခနစ်ဆအ သက်ရှင်ရမှာ ဖြစ်ပါတယ်။ သူမက အထီးကျန်မှုကိုခံစားခဲ့ရပါတယ်။အခြားလူတွေကတော့ ကလေးတွေ၊မြေးတွေနဲ့ ပျော်ရွှင်စွာ အသက်ရှင်နေကြတာကို သူမတွေ့မြင်ခဲ့ရပါတယ်။

နောက်ပြီးတော့၊ ကိုဗစ် ၁၉ ကပ်ဘေးကြောင့် လနဲ့ချီပိတ်ဆို့မှုကို သူမရင်ဆိုင်ခဲ့ရပြန်ပါတယ်။ သူ့ရဲ့အသက်ရှင်ချင်တဲ့ဆန္ဒဟာ တဖြည်းဖြည်း လျော့သွားခဲ့ပါတယ်။

ပိတ်ဆို့မှုတွေ လျော့လာခဲ့ပြီး သူတူက သူ့အိမ်လာလည်ခဲ့ပါတယ်။

"ကျွန်တော့အသင်းတော်မှာလာခဲ့ပါ။ အသစ်ဖြစ်တဲ့အရာတွေအများကြီး သင်ကြားရမှာဖြစ်ပြီး၊ ဆုလက်ဆောင်တစ်ခုလည်းရကောင်းရလိမ့်မယ်" ဆိုပြီး သူ့တူက သူမကိုခေါ်ဖိတ်ခဲ့ပါတယ်။

အသင်းတော်မှ ကိုဗစ်-၁၉ ကာလအတွင်း၊ ဆင်းရဲတဲ့လူတွေအတွက် ဆန်နဲ့စောင်တွေကို ပေးဝေခဲ့ပါတယ်။ Ratnamaya ကလည်းသွားဖို့ဆုံးဖြတ်ခဲ့ပါတယ်။

သူမအနေနဲ့ ဥပုသ်နေ့ဝတ်ပြုခြင်း အစီအစဉ်ကို အံ့သြခဲ့ပါတယ်။ သူမဟာ ခရစ်ယာန်မဟုတ်တဲ့ဘာသာရေး က နေကြီးပြင်းလာခဲ့ပြီး၊ ခရစ်ယာန်တွေရဲ့ ဝတ်ပြုခြင်းအစီအစဉ်ကို ပထမအကြိမ်လေ့လာခဲ့တာ ဖြစ်ပါတယ်။ သူမအနေနဲ့ အထူးသဖြင့်သီချင်းတွေကိုနှစ်သက်ပြီး၊ လူတွေက သခင်ယေရှုအကြောင်း သီဆိုတာကို နားထောင်ရင်းသူ့နှလုံးသားထဲမှာ ပျော်ရွှင်မှုခံစားခဲ့ရပါတယ်။

ဘုရားကျောင်းတက်တဲ့လူတွေက Ratnamaya ကို နွေးနွေးထွေးထွေးနှုတ်ဆက်ခဲကြပြီး၊ သူမနဲ့စကားပြောခဲ့ကြပါတယ်။

ဘယ်သူကမှ သူမကိုအထင်မသေးကြလို့ အလွန်မှပင် အံ့သြမိခဲ့ပါတယ်။ ဘယ်သူကမှ ကလေးမရှိတဲ့မုဆိုးမလို့ အပြစ်မတင်ခဲ့ကြပါဘူး။

ဥပုသ်နေ့ လွန်သွားတဲ့နောက်၊ အသင်းတော်က အမျိုးသမီးအချို့ဟာ Ratnamaya ရဲ့အိမ်မှာသွားလည်ခဲ့ကြပါတယ်။ သူတို့က သမကို သမ္မာကျမ်းစာသင်ပေးပြီး သူမအတွက် ဆုတောင်းပေးခဲ့ကြပါတယ်။

Ratnamaya အနေနဲ့ ဥပုသ်နေ့တိုင်း ဘုရားကျောင်းတက်ခဲ့ပါတယ်။ သူမအနေနဲ့ ဘုရားကျောင်းသွားတဲ့အခါတိုင်း လူတွေနဲ့စကားပြောရလို့ စိတ်ချမ်းသာခဲ့ပါတယ်။ အထူးသဖြင့် သခင်ယေရှုက သူမကို သိပ်ချစ်တာ သူမသိရှိရလို့ ပျော်ရွှင်ခဲ့မိပါတယ်။

သူမအနေနဲ့ အထီးကျန်မှုနဲ့ဝမ်းနည်းမှု လုံးဝ မခံစားခဲ့ရပါ။ သူ့အသက်တာတစ်လျှောက်လုံးမှာ မခံစားခဲ့ရဘူးတဲ့ဝမ်းမြောက်မှုကို သခင်ခရစ်တော်အားဖြင့် သူမရှာဖွေတွေ့ရှိခဲ့ရပါတယ်။

သူမအနေနဲ့ ဒီလောကမှာ အပျော်ရွှင်ဆုံးပုဂ္ဂိုလ်လို့ ခံစားခဲ့မိပါတယ်။

"သခင်ဘုရားက ကျွန်မနှလုံးသားထဲမှာ ကိုယ်တော့်ငြိမ်းချမ်းမှုကို ပေးခဲ့ပါတယ်။ ကျွန်မအနေနဲ့ ကိုယ်တော့်ချစ်ခြင်းမေတ္တာနဲ့၊ ကျွန်မအသက်တာမှာ ကိုယ်တော်လုပ်ဆောင်ပေးခဲ့တဲ့ဘာမဆိုအတွက် အမြဲပဲ ကျေးဇူးတင်ရမှာပါ" ဆိုပြီး သူမကပြောခဲ့ပါတယ်။

ယခုအချိန်မှာ၊ Ratnamaya ဟာ အသက် ၆၅ နှစ်ရှိပြီး၊ သူ့ဟာယုံကြည်ခြင်းမှာတိုးပွားနေဆဲပါ။

သူမအနေနဲ့ တစ်ခါမှ ကျောင်းမတက်ရလို့၊ သူမ ရေးလို့မရလိုဖတ်လို့လည်း မရပါ။

ဒါပေမဲ့ သူမက အသင်းတော်မှအမျိုးသမီးတွေနဲ့အတူ သမ္မာကျမ်းစာကိုလေ့လာနေပြီး၊ မြော်လင့်ခြင်းအသင်းတော်မှ ထုတ်လွှင့်တဲ့ရေဒီယိုအစီအစဉ်ကိုလည်း နားထောင်နေပါတယ်။

"သခင်ဘုရားရဲ့မစမှုအားဖြင့် ကျွန်မတိုးပွားချင်လို့ ကျွန်မအတွက် ဆုတောင်းပေးဖို့ လူတိုင်းကို ကျွန်မတောင်းဆိုပါတယ်" ဆိုပြီး သူမကပြောခဲ့ပါတယ်။

Ratnamaya ကြိုက်နှစ်သက်တဲ့ကျမ်းချက်က၊ ဖိလိပ္ပိ ၄း၄-"သခင်ဘုရား၌အစဉ်မပြတ်ဝမ်းမြောက်ခြင်းရှိကြလော့။ တစ်ဖန် ငါဆိုသည်ကား ဝမ်းမြောက်ကြလော့" ဆိုပြီး ရှင်ပေါလုက ပြောခဲ့တာဖြစ်ပါတယ်။

"ကျွန်မအနေနဲ့ လင်ယောကျ်ားနဲ့ကလေးတွေမရှိပေမဲ့၊ ကျွန်မရဲ့ သခင်နဲ့ကယ်တင်ရှင်အားဖြင့် ဝမ်းမြောက်လို့ ရတဲ့ တွက် တစ်ခါမှအထီးကျန်မှုမခံစားခဲ့ရပါ။ ကျွန်မသခင်ဟာ ကျွန်မနဲ့အတူ အမြဲပဲရှိနေပြီး၊ တစ်စုံတစ်ရာထက်တောင် ကိုယ်တော်ကကျွန်မကိုချစ်ပါတယ်" ဆိုပြီး သူမက ပြောခဲ့ပါတယ်။

ဒီပထမကဏ္ဍတာရဲ့ ၁၃ ပတ် ဥပုသ်တော်နေ့အလှူငွေတစ်ချို့အားဖြင့် နီပေါနိုင်ငံမှာ ကလေးတွေအနေနဲ့စာ ဖတ်လို့ရပြီး၊ ရေးလို့ရအောင် မူလတန်းကျောင်းတစ်ကျောင်းဖွင့်လှစ် တည်ထောင်ရာမှာကူညီ ပံ့ပိုးသွားမှာဖြစ်ပါတယ်။

မတ်လ ၃၀ ရက်နေ့မှာ ရက်ရောစွာအလှူငွေလှူဒါန်းဖို့ သင်တို့အနေနဲ့ စီစဉ်တဲ့အတွက် အထူးကျေးဇူးတင်ပါ တယ်။

-ဝ-

## “သခင်ယေရှုက တွေ့ထိခဲ့တယ်”

ဖေဖေါ်ဝါရီလ (၂၄)ရက်၊ တင်ပြသူ-Rupamaya, နီပေါနိုင်ငံ၊

(အရယ်ရောက်ပြီးသား အမျိုးသမီးတစ်ဦးကို တင်ပြခိုင်းရန်)

Rupamaya အတွက် အသက်တာဟာဆိုးရွားခဲ့ပါတယ်။ အဲဒါထက် ပိုဆိုးရွားလို့မရတော့ဘူးလို့ စဉ်းစားနေချိန်မှာပဲ ပိုဆိုးရွားလာခဲ့ပါတယ်။

Rupamaya ဟာ နီပေါနိုင်ငံက “တွေ့ထိလို့မရ” တဲ့ နိမ့်ကျတဲ့ လူတန်းစားမိသားစုထဲမှာ မွေးဖွားခဲ့ပါတယ်။ သူ့မျိုးရိုးစွန်းထင်းမှုရဲ့ အဓိပ္ပါယ်ကတော့၊ သူ့အသက်တာတစ်လျှောက်လုံးမှာ မစင်ကြယ်တဲ့ လူတစ်ဦးလို ထင်မှတ်မှာဖြစ်ပြီး၊ မစင်ကြယ်တဲ့သေမှုနဲ့ပဲသူသေဆုံးရမှာဖြစ်ပါတယ်။ သူမွေးတဲ့ကလေးတိုင်းဟာမစင်ကြယ်သူတွေ ဖြစ်မှာဖြစ်ပါတယ်။ သူမအပေါ် “တွေ့ထိလို့မရ” ဆိတဲ့အမှတ်အသားဟာ ဘယ်နည်းနဲ့မှဖယ်ရှားလို့ရမှာမဟုတ်တဲ့အပြင်၊ သူမကို လူသားထက်ပိုညံ့သူလို့ အမြဲပဲ သုံးသပ်ရမှာဖြစ်ပါတယ်။

Rupamaya ဟာ တွေ့ထိလို့မရသလို၊ ကျောင်းတက်လို့မရတဲ့အတွက် ဖတ်တတ်ဖို့နဲ့ရေးတတ်ဖို့ တစ်ခါမှ မသင်ခဲ့ပါ။

အသက် ၁၄ နှစ်အရွယ်မှာ သူမ အိမ်ထောင်ပြုခဲ့ပြီး၊ ကလေးအိမ်ထောင်ပြုမှုစာ ထုံးတမ်းစဉ်လာအရဖြစ်ပါတယ်။

အိမ်ထောင်ပြုပြီးတဲ့နောက်မှာ သူ့အသက်တာဟာ တိုးတက်ကောင်းမွန်လာမှုမရှိခဲ့ပါ။ Rupamaya ရဲ့ ခင်ပွန်းဟာ မြေကွက်တစ်ကွက်တောင်မှ မပိုင်ဆိုင်ခဲ့ပါ။ သူတို့ဇနီးမောင်နှံဟာ အသက်ရှင်သန်ရေးအတွက် တစ်ခြားလူတွေရဲ့ လယ်မှာအလုပ်လုပ်ခဲ့ကြပါတယ်။ သူတို့မှာ သားသမီး(၇)ယောက်ထွန်းကားခဲ့ပြီး၊ သူတို့ကို ကောင်းမွန်စွာမကျွေးမွေးနိုင်ခဲ့ပါ။ အလုပ်လုပ်နိုင်တဲ့အရွယ်ရောက်ပြီဆိုရင်၊ ကလေးတွေကိုဆွေမျိုးတွေနဲ့ တစ်ခြားလူတွေရဲ့အိမ်မှာ အလုပ်လုပ်ခိုင်းခဲ့ပါတယ်။

ပြီးတော့ ၂နှစ်အရွယ်ရှိတဲ့ သူ့သားလေးဟာအဖျားကြီးပြီးသေဆုံးခဲ့ပါတယ်။

အဲဒီနောက်ပိုင်းမှာ သူ့သားနှစ်ယောက်ဟာ၊ တစ်ခြားမြို့က သူတို့ရဲ့အစ်မဆီမှာသွားလည်ရင်း ပျောက်သွားခဲ့ပါတယ်။ သူတို့ရဲ့အစ်မက ဟိုတယ်တစ်ခုမှာ အလုပ်လုပ်ပြီး၊ မိသားစုအတွက် ပိုက်ဆံတစ်ချို့စုထားခဲ့ကြောင်း အိမ်ကို သူမအနေနဲ့ စာရေးခဲ့ပါတယ်။ Rupamaya အနေနဲ့ အသက် ၁၁ နှစ်နဲ့ ၁၃နှစ်အရွယ်ရှိတဲ့သူ့သားနှစ်ယောက်ကို ပိုက်ဆံသွားယူဖို့ခိုင်းတာဖြစ်ပါတယ်။ ယောကျ်ားလေးနှစ်ယောက်ဟာ သူတို့အစ်မနဲ့တွေ့ဆုံပြီးတဲ့နောက်၊ အစ်မကိုဘတ်စ်ကားပေါ်ကနေ နှုတ်ဆက်ကြပြီး အိမ်ပြန်လာခဲ့ကြပါတယ်။ ဒါပေမဲ့၊ သူတို့ဟာဘယ်တော့မှအိမ်ပြန်မရောက်လာခဲ့ကြပါ။ တစ်စုံတစ်ဦးက၊ ဘတ်စ်ကား မတော်တစ်ဆထိခိုက်မှုဖြစ်တယ်လို့ ပြောခဲ့ပါတယ်။ Rupamaya အနေနဲ့သူတို့ကို ကြိုးစားလိုက်ရှာခဲ့ပေမဲ့ မတွေ့ခဲ့ပါ။

နောက်ပြီးတော့ အဆွေးဇာတ်ကထုတ်ခဲ့ပြန်ပါတယ်။ သူ့ခင်ပွန်းနေမကောင်းခဲ့ပါ။ ဆေးကုဖို့ သူတို့မှာပိုက်ဆံမရှိလို့ နောက်ပိုင်းမှာသူသေဆုံးခဲ့ပါတယ်။

တွေ့ထိလို့မရတဲ့ အသက်တာဟာ အင်မတန်မှခက်ခဲခဲ့ပါတယ်။ တွေ့ထိလို့မရတဲ့မုဆိုးမရဲ့ဘဝဟာ ပိုပြီးဆိုးရွားခဲ့ပါတယ်။ အခြားလူတွေတောင်မှသူအပေါ် ခပ်စိမ်းစိမ်းကြည့်ခဲ့ကြပါတယ်။

နှစ်တွေကျော်သွားရင်း၊ Rupamaya အနေနဲ့ပိုပြီး ဝမ်းနည်းကြေကွဲခဲ့ရပါတယ်။ နောက်ဆုံးမှာ သူအလုပ်မလုပ်တော့ပါ။ သူမအနေနဲ့ အလုပ်မလုပ်လို့စားစရာလုံးဝမရှိတော့ပါ။ သူလည်း ဘာမှမစားချင်ခဲ့ပါ။ အဲဒီအစား အိပ်ရာပေါ်မှာပဲလဲလျောင်းပြီးတော့၊ သူ့ခင်ပွန်းနဲ့ဆုံးရှုံးခဲ့ရတဲ့ ကလေးသုံးယောက်အကြောင်းကို စဉ်းစားနေခဲ့ပါတယ်။ သူမအသက်တာအတွက သူမအရမ်းဝမ်းနည်းခဲ့ပါတယ်။ မိမိကိုယ်ကို သတ်သေဖို့တောင်သေသေချာချာ ကြံစည်ခဲ့ပါတယ်။

“ဘာဖြစ်လို့ ကျွန်မအမေ ကျွန်မကိုမွေးခဲ့ရတာလဲ။ ဘာဖြစ်လို့ ဒီအရာအလုံးစုံဟာ ကျွန်မအပေါ်ဖြစ်ပျက်ခဲ့ရတာလဲ” ဆိုပြီး သူမအနေနဲ့ အံ့သြနေမိခဲ့ပါတယ်။

အဲဒါနဲ့၊ လူစိမ်းတစ်ဦး သူ့အိမ်မှာလာလည်ခဲ့ပါတယ်။ Tirtha ဟာ မြော်လင့်ခြင်းအသင်းတော်အတွက် စေတနာ့ဝန်ထမ်းကောင်းတစ်ယောက်အနေနဲ့ အမှုတော်ထမ်းဆောင်ခဲ့ပြီး၊ သူ့အိမ်နီးချင်းထံမှ Rupamaya အကြောင်းကို ကြားခဲ့ရပါတယ်။ သူမကအစားအစာနဲ့ ဆေးဝါးတွေကိုယူလာပြီး သူမအတွက်ဆုတောင်းပေးခဲ့ပါတယ်။

“ကျွန်မတို့ရဲ့ အသင်းတော်ဘုရားကျောင်းမှာ လာပါဦး။ သင့်အတွက် ကျွန်မတို့ ဆုတောင်းပေးမယ်” ဆိုပြီး သူမအနေနဲ့ပြောခဲ့ပါတယ်။

Tirtha အနေနဲ့ ပုံမှန် သွားလည်ပတ်ခဲ့ပါတယ်။ Rupamaya အနေနဲ့လည်းအဲဒီလို လည်ပတ်မှုကို မျှော်လင့်တောင့်တခဲ့ပါတယ်။ သူမအနေနဲ့ အစားအစာ၊ ဆေးဝါးနဲ့ဆုတောင်းပေးမှုကို ကြိုက်နှစ်သက်ခဲ့ပါတယ်။ နှစ်နဲ့ချီကာလအတွင်းမှာ ပထမအကြိမ်သူ့နှလုံးသားထဲမှာ မျှော်လင့်ချက်တွေ တောက်လောင်ခဲ့ပါတယ်။ သူမဟာ မြော်လင့်ခြင်းအသင်းတော်ဘုရားကျောင်းမှာ စတက်ခဲ့ပါတယ်။

နောက်(၈)နှစ်ကြာတဲ့အခါ၊ Rupamaya ဟာ သစ္စာရှိတဲ့ မြော်လင့်ခြင်းအသင်း သူတစ်ဦးဖြစ်လာခဲ့ပါတယ်။ သူမဟာ အသက် ၆၅ နှစ်ရှိပြီဖြစ်ပြီး၊ သူ့သားတွေထဲကသားတစ်ယောက်နဲ့ သူ့ဇနီးနဲ့အတူနေထိုင်ခဲ့ပါတယ်။ သူမရဲ့ကအဒ ရှိန်အဝါကြောင့် ချွေးမဟာလဲမကြာမီက မြော်လင့်ခြင်းအသင်းတော်ထဲသို့ ဝင်လာခဲ့ပါတယ်။

Rupamaya အနေနဲ့ ဘာမဆိုဆုံးရှုံးခဲ့ရပေမဲ့၊ သူ့မှာ သခင်ယေရှုရှိနေလို့ ဝမ်းမြောက်ကြောင်းသူမက ပြောခဲ့ပါတယ်။ တစ်ချို့လူတွေကတော့ တွေ့ထိလို့မရဆိုပြီး သူမကို ရှောင်ရှားကောင်း ရှောင်ရှားပါလိမ့်မယ်။ ဒါပေမဲ့၊ သူ့နှလုံးသားကိုသခင်ယေရှုက တွေ့ထိလို့ သူမဟာပျော်ရွှင်ခဲ့ပါတယ်။

"ကျွန်မရဲ့ လင်နဲ့သားတစ်ယောက် သေဆုံးခဲ့ကြပြီး၊ သားနှစ်ယောက်ကွယ် ပျောက်သွားခဲ့ပါတယ်။ နှစ်ပေါင်း (၃၀)ကျော်လာတာတောင်မှ သူတို့မှာ ဘာတွေဖြစ်ပျက်ခဲ့သလဲဆိုတာ ကျွန်မလုံးဝမသိခဲ့ပါ။ ဘာမဆို ကျွန်မဆုံးရှုံးခဲ့ရပေမဲ့၊ အသက်တာမှာကျွန်မအတွက် သခင်ယေရှု ရှိနေပါတယ်။ တစ်နေ့ကျရင် သခင်ယေရှု ပြန်ကြွဆင်းလာမှာဖြစ်ပြီး၊ ကျွန်မဆုံးရှုံးခဲ့တဲ့ ချစ်သူတွေနဲ့ ပြန်လည်ဆုံစည်းရမယ်ဆိုတဲ့ ကြီးမားတဲ့မျှော်လင့်ချက် ကျွန်မမှာရှိပါတယ်" ဆိုပြီး သူမအနေနဲ့ ပြောခဲ့ပါတယ်။

ဒီပထမကွာတာရဲ့ ၁၃ ပတ် ဥပုသ်တော်နေ့အလှူငွေတစ်ချို့အားဖြင့် နီပေါနိုင်ငံမှာ ကလေးတွေအနေနဲ့စာဖတ်လို့ရပြီး၊ ရေးလို့ရအောင် မူလတန်းကျောင်းတစ်ကျောင်းဖွင့်လှစ်တည်ထောင်ရာမှာ ကူညီထောက်ပံ့သွားမှာ ဖြစ်ပါတယ်။

မတ်လ ၃၀ ရက်နေ့မှာ၊ ရက်ရောစွာလှူဒါန်းဖို့ သင်တို့အနေနဲ့ စီစဉ်တဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။

## "အဲဒီနေ့အတွက် စောင့်မျှော်နေတယ်"

မတ်လ (၂)ရက်၊ တင်ပြသူ-Sukamaya,နီပေါနိုင်ငံ၊

(အရွယ်ရောက်ပြီးသား အမျိုးသမီးတစ်ဦးကို တင်ပြခိုင်းရန်)

Sukamaya ရဲ့သားဟာ သူ့အသက်တာအတွက် ဝမ်းမြောက်မှုဖြစ်ပါတယ်။

နီပေါနိုင်ငံမှာ Sukamaya ဟာ အသက် ၁၆နှစ်အရွယ်မှာ အိမ်ထောင်ကျပြီး၊ မကြာခင်မှာပဲ Shyam ဆိုတဲ့သား လေးကိုမွေးဖွားခဲ့ပါတယ်။

ဒါပေမဲ့ Shyam ဟာ အသက်(၈)လအရွယ်မှာ ဝမ်းလျှောရောဂါနဲ့ဖျားခဲ့ပါတယ်။ Sukamaya အနေနဲ့ Shaman ရဲ့ အကူအညီအတွက် သူ့ခင်ပွန်းကိုခေါ်ခိုင်းခဲ့ပါတယ်။ ဝေးကွာတဲ့တောင်ပေါ်မြို့ငယ်အနီးမှာ ဆေးရုံတွေ ဆရာဝန်တွေ မရှိခဲ့ပါ။ တစ်စုံတစ်ဦးဖျားတဲ့အခါတိုင်း မြို့သားတွေက Shaman ကို ခေါ်ခဲ့ကြပါတယ်။

"နတ်ဆိုးကြောင့် ဖျားတာဖြစ်ပါတယ်။ သင့်မိသားစုအပေါ် ဒေါသထွက်တာ ဖြစ်ပါတယ်။ နတ်ဆိုးကျေနပ်ဖို့ ဝက်တစ်ကောင်နဲ့ ယဇ်ပူဇော်ရမှာဖြစ်ပါတယ်" ဆိုပြီး Shaman က ပြောခဲ့ပါတယ်။

ဝက်တစ်ကောင်နဲ့ ယဇ်ပူဇော်ဖို့အတွက် ဘယ်သူကမှအချိန်မရှိခဲ့ကြပါ။ Sukayama သူ့ခင်ပွန်းက Shaman နဲ့စကားပြောရင်း၊ ကလေးဟာ သူမရဲ့ပေါင်ပေါ်မှာသေဆုံးခဲ့ရပါတယ်။

ထိတ်လန့်မှုဟာ လွန်လွန်းခဲ့ပါတယ်။ Sukayama ဟာ မူးလဲပြီးတော့၊ သုံးရက်တိုင်တိုင်သတိလစ်သွားခဲ့ပါတယ်။ သူမနိုးလာတဲ့အခါ၊ဘာမှမစားချင်မသောက်ချင်ခဲ့ပါ။ သူမအနေနဲ့လုံးဝအသက်မရှင်ချင်တော့ပါ။

"အခြားသားတစ်ယောက် ရှိကောင်းရှိပါလိမ့်မယ်။ အားမငယ်ပါနဲ့" ဆိုပြီးသူ့ ခင်ပွန်းနဲ့အိမ်နီးချင်းတွေက အား ပေးတိုက်တွန်းခဲ့ပါတယ်။

နောက်တစ်နှစ်မှာ၊ Sukayama အနေနဲ့ သမီးတစ်ယောက်မွေးဖွားခဲ့ပါတယ်။ သူ့သားနာမည်လိုပဲ မိန်းခလေးကို Shyam ဆိုပြီးမှည့်ခဲ့ပါတယ်။ အသက်ရှင်ဖို့အတွက် အကျိုးအကြောင်းရှိတာကိုသိရလို့ သူမဝမ်းသာခဲ့ပါတယ်။ သမီးအ တွက် သူမ အသက်ရှင်ရမှာဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ်၊ Sukayama ရဲ့သူ့သားသေဆုံးပြီးတဲ့နောက်မှာအရက်တွေ သောက်ခဲ့ပါတယ်။ သူ့ရဲ့မိသားစုမှာ သူအရက်စသောက်ခဲ့လို့ ငွေကြေးပြဿနာနဲ့ရင်ဆိုင်ခဲ့ရပါတယ်။

Sukayama အနေနဲ့ Shyam ကို ချစ်ခြင်းမေတ္တာအပြည့်နဲ့ ပြုစုပျိုးထောင်ရင်း၊ အရွယ်ရောက်ပြီး၊ အသက် ၂၀အရွယ်မှာ၊ သူတို့နေထိုင်တဲ့မြို့နဲ့ အလှမ်းဝေးတဲ့နေရာက အမျိုးတစ်ယောက်နဲ့ အိမ်ထောင်ကျခဲ့ပါတယ်။

Shyam အနေနဲ့ ပထမကလေးကိုယ်ဝန်ဆောင်တဲ့အခါ၊ အဆွေးဇာတ်ကထုတ်ခဲ့ပါတယ်။ တစ်ညနေမှာ ရှုပ်ထွေး ပွေလီမှုတွေဖြစ်ပျက်ခဲ့ပါတယ်။ သူမအနေနဲ့အရေးပေါ်ဆေးဝါးဆိုင်ရာအကူအညီ လိုအပ်ခဲ့ပါတယ်။ သူတို့နေထိုင်တဲ့ မြို့ ငယ်မှာဆေးရုံတွေနဲ့ ဆရာဝန်တွေမရှိသေးလို့၊ မြို့ထဲကလူတွေက Shyam ကို ဖြစ်သလိုလုပ်ထားတဲ့ ထမ်းစင်ပေါ်တင် ပြီးတော့၊ နောက်မြို့ငယ်တစ်မြို့သို့ သယ်ဆောင်ခဲ့ကြပါတယ်။ အဲဒီမြို့ငယ်မှာ လမ်းမကြီးရှိလို့ လူနာတင်ကားထဲမှာ သူမကိုတင်ခဲ့ပြီး ဆေးရုံကြီးသို့အမြန်ဆုံးမောင်းခဲ့ကြပါတယ်။ ဒါပေမဲ့ လမ်းမှာပဲ သူမသေဆုံးခဲ့ပါတယ်။

အဲဒီသေဆုံးမှုဟာ Sukayama အပေါ်စူးရှတဲ့ ပုတ်ခတ်မှုနဲ့ဝေဖန်ခဲ့ပြန်ပါတယ်။ သူ့ခင်ပွန်းနဲ့အတူ ရက်အနည်း ငယ်အတွင်းအရက်တွေသောက်ခဲ့ပါတယ်။ သူတို့ကို သေမှုနဲ့ အမှောင်ထုက ဝိုင်းရံပိတ်ဆို့သယောင်ဖြစ်ခဲ့ပါတယ်။ Shyam ရဲ့အသုဘမှာအဲဒီဇနီးမောင်နှံဟာ မချုပ်တည်းနိုင်အောင် ငိုကြွေးခဲ့ပါတယ်။

အသုဘမှာ ဝမ်းနည်းကြေကွဲသူတွေက နှစ်သိမ့်ပေးခဲ့သူဟာ၊ မြော်လင့်ခြင်းအသင်းတော်က ပါစတာတစ်ဦး ဖြစ်ပါတယ်။ အဲဒီစုံတွဲရဲ့ ကလေးနှစ်ယောက်စလုံးသေဆုံးခဲ့တဲ့အကြောင်းကို သူကြားခဲ့ရပြီး၊ မျှော်လင့်စရာရှိနေသေး ကြောင်း သူတို့ကိုအားပေးခဲ့ပါတယ်။ သမ္မာကျမ်းစာအုပ်ကို သူဖွင့်ပြီးတော့၊ ယောဟန် ၃း၁၆ -"ဘုရားသခင်၏သားတော် ကိုယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှါ၊ ဘုရားသခင်သည်မိမိ၌ တစ်ပါးတည်းသောသားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကိုချစ်တော်မူ၏" ဆိုပြီး ဖတ်ပြခဲ့ပါတယ်။

အဲဒီကျမ်းချက်က Sukayama ရဲ့စိတ်ကို ရှုပ်ထွေးစေခဲ့ပါတယ်။ သူမအနေနဲ့သဘောမပေါက်ခဲ့ပါ။ "သခင်ယေရှုကို ယုံကြည်ခြင်းအားဖြင့် တစ်စုံတစ်ယောက် ဘယ်တော့မှ မသေတော့ဘူးဆိုတာဘယ်လိုဖြစ်နိုင်မလဲ" ဆိုပြီးသူမအနေနဲ့ အံ့သြခဲ့ပါတယ်။

သူမရဲ့ ရှုပ်ထွေးမှုကိုမြင်နေခဲ့လို့ ပါစတာက လုကာ ၈း၅၂ ကိုဖွင့်ပြီးတော့၊ "မငိုကြနှင့်။ သူငယ်သေသည်မဟုတ်၊ အိပ်ပျော်သည်ဟု မိန့်တော်မူ၏" ဆိုပြီး သခင်ယေရှုရဲ့ နှုတ်ကပတ်တော်ကို ဖတ်ပြခဲ့ပါတယ်။

Sukayama ဟာ ကျေနပ်နှစ်သိမ့်ခဲ့ပါတယ်။ သူ့သမီး Shyam ဟာ တကယ်အိပ်ပျော်နေတာပဲ ဟုတ်မလား ဆိုတာပိုပြီးတော့မှ သူမအနေနဲ့သိချင်ခဲ့ပါတယ်။ အသုဘပြီးမှ၊ ရက်အနည်းငယ်မှာ အဲဒီကျမ်းချက်တွေကိုရှင်းပြဖို့ ပါစတာ ထံသူမက တောင်းဆိုခဲ့ပါတယ်။ သူမကို သမ္မာကျမ်းစာသင်ပေးဖို့ သူစတင်ခဲ့ပါတယ်။

သမ္မာကျမ်းစာသင်ချိန်မှာပဲ၊ "သင့်အနေနဲ့ ယေရှုကြွဆင်းလာတဲ့အခါ၊ သင့်ကလေးတွေကိုတွေ့ချင်သလား" ဆိုပြီး ပါစတာကမေးခဲ့ပါတယ်။

Sukayama ရဲ့ မျက်စိတွေဟာဖွင့်လိုက်ပိတ်လိုက်နဲ့ "ကျွန်မတွေ့ချင်ပါတယ်" ဆိုပြီး ကြွေးကြော်ခဲ့ပါတယ်။ သူမရဲ့နှလုံးသားကိုသခင်ယေရှုထံဆက်ကပ်ခဲ့ပါတယ်။

ယခုအချိန်မှာ၊ Sukayam ဟာ သစ္စာရှိတဲ့ မြော်လင့်ခြင်းအသင်းသူတစ်ဦးဖြစ်ပါတယ်။ သူ့မျှော်လင့်ချက်ကို သူ့ခင်ပွန်းဆီမှာဝေငှသက်သေခံဖို့ သူမကြိုးစားခဲ့ပေမဲ့၊ သူကငြင်းဆိုခဲ့ပါတယ်။ သူ့ခင်ပွန်းလည်းအရက်စွဲသောက်လို့ ခပ်စောစောသေဆုံးခဲ့ပါတယ်။

Sukayama ဟာ အခုအိမ်မှာ သူမတစ်ဦးတည်းနေထိုင်ခဲ့ပြီး၊ တကယ့်တကယ်တော့သူမတစ်ဦးတည်း မနေထိုင်ပဲ သခင်ယေရှုနဲ့အတူနေထိုင်တာကို သူမအနေနဲ့သိရှိပါတယ်။ တစ်နေ့ကျရင် သခင်ယေရှုမကြာမီကြွဆင်းလာမှာဖြစ်ပြီး၊ သူ့သားနဲ့သမီးကိုပြန်လည်လည်ထမြောက်စေမှာကို ယုံကြည်ပြီးသူမဝမ်းသာပျော်ရွှင်ခဲ့ပါတယ်။

"သူတို့ဟာ ကျွန်မရဲ့ကလေးတွေ၊ ကျွန်မရဲ့နှလုံးသားဖြစ်လို့ ကျွန်မဖက်ရမှာ။ ကျွန်မခရစ်ယာန်ဖြစ်လာတဲ့အကြောင်းရင်းက သူတို့နဲ့ပြန်ဆုံဆည်းဖို့မျှော်လင့်လို့ပါ။ အဲဒီနေ့အတွက် ကျွန်မစောင့်မျှော်နေပါတယ်" ဆိုပြီး သူမက ပြောခဲ့ပါတယ်။

ဒီပထမကွာတာရဲ့ ၁၃ ပတ်အလှူငွေတစ်ချို့ကို နီပေါနိုင်ငံမှာ၊ ကလေးတွေအနေနဲ့ Sukayama ရဲ့မျှော်လင့်ချက်အကြောင်းကို သင်ကြားလေ့လာလို့ရအောင် ကျောင်းတစ်ကျောင်းဖွင့်လှစ်တည်ထောင်ရာမှာ ကူညီထောက်ပံ့သွားမှာဖြစ်ပါတယ်။

မတ်လ၃၀ရက်နေ့မှာ၊ ရက်ရောစွာအလှူငွေလှူဒါန်းဖို့ သင်တို့အနေနဲ့စီစဉ်တဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။

## “ရုတ်တရက် ထိတ်လန့်စေတဲ့ အသံတစ်ခု”

မတ်လ(၉)ရက်၊ တင်ပြသူ-Rex,India နိုင်ငံ၊

(အရွယ်ရောက်ပြီးသား အမျိုးသားတစ်ဦးကို တင်ပြခိုင်းရန်)

၁၉၈၀ စောစောပိုင်းမှာ၊ မွန်းလွဲပိုင်းအိပ်ရာမှအသံတစ်ခုကအဖေ့ကိုအိပ်ရာနိုးခဲ့ပါတယ်။

“သင်ဟာ ယနေ့သေမယ်ဆိုရင်ဘာလုပ်ရမှာလဲ” ဆိုပြီး အသံကမေးခဲ့ပါတယ်။

အဖေဟာ ရုတ်တရက်ထိတ်လန့်ခဲ့ပါတယ်။ သူ့အနေနဲ့ အိမ်ထဲမှာ သူနဲ့အတူတစ်စုံတစ်ဦးရှိနေမယ်လို့ မစဉ်းစားခဲ့ပါ။ သူ့အနေနဲ့ဟိုဟိုဒီဒီလိုက်ကြည့်ခဲ့ပါတယ်။ သူ့ကိုစကားပြောနေတဲ့လူကို မတွေ့တွေ့အောင်သူလိုက်ရှာခဲ့ပါတယ်။ ဒါပေမဲ့ အိမ်ထဲမှာတစ်ယောက်မှမတွေ့ခဲ့ပါ။

အဖေဟာ စိတ်ပူလွန်းလို့ “ဘယ်သူကကျွန်တော့ကိုစကားပြောနေတာလဲ” ဆိုပြီး ငိုခဲ့ပါတယ်။

တစ်စုံတစ်ဦးကမှ ပြန်မဖြေလို့ အဖေဟာပိုပြီးတော့စိတ်ပူခဲ့ပါတယ်။

“အို သခင်ဘုရား၊ ကျွန်တော့ကို စကားပြောတဲ့လူဘယ်သူလဲဆိုတာ ကျွန်တော်သိချင်တယ်” ဆိုပြီး သူက ဆုတောင်းခဲ့ပါတယ်။

အိမ်ထဲမှာ စကားပြောသံမကြားရတော့လို့ အဖေဟာဘာလုပ်ရမှန်းမသိခဲ့ပါ။

တစ်နာရီခွဲကျော်သွားတဲ့အချိန်မှာ၊ အဖေကတံခါးခေါက်သံကြားခဲ့ပါတယ်။ အပြင်မှာ မြော်လင့်ခြင်းအသင်းတော်က ဓမ္မစာပေအမှုဆောင်တစ်ဦး ရပ်နေခဲ့ပါတယ်။

အဖေဟာသူ့ကို တွေ့တဲ့အခါထိတ်လန့်သွားခဲ့ပါတယ်။ အဖေခေတ္တခဏမမေ့ခင်လေးမှာ အဲဒီအမျိုးသားကပဲ တံခါး ခေါက်ခဲ့ပါတယ်။ အဲဒီအမျိုးသားက သမ္မာကျမ်းစာအကြောင်းပြောပြတာကို၊ အဖေအနေနဲ့မိနစ်အနည်းငယ်ပဲနားထောင်ခဲ့ပါတယ်။ ပြီးတော့တံခါးပေါက်ကို သူပိတ်လိုက်ပါတယ်။ အဖေဟာ သမ္မာကျမ်းစာကိုတစ်ခါမှမဖတ်ဘူးတဲ့အပြင်၊ ကျမ်းစာအုပ်တစ်အုပ်မှမရှိတာတောင် သူ့ကိုယ်သူခရစ်ယာန်ပီသသူတစ်ဦးလို့ထင်မြင်ခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီအမျိုးသားစကားပြောတာကို နားထောင်ဖို့သူစိတ်မဝင်စားခဲ့ပါ။

ဘယ်လိုပဲဖြစ်ဖြစ်၊အသံကိုကြားပြီးတဲ့နောက်မှာ အဖေဟာ ဓမ္မစာပေအမှု ဆောင်ကိုတွေ့ရလို့ဝမ်းသာခဲ့ပါတယ်။ သမ္မာကျမ်းစာအကြောင်းကို ပိုပြီးသိချင်လို့ သူဟာနားထောင်အဆင်သင့်ပါပဲ။

အဖေ့ကိုဓမ္မစာပေအမှုဆောင်က အသစ်အဆန်းတွေပြောပြခဲ့ပါတယ်။ အဲဒီအမျိုးသားထွက်သွားပြီးတဲ့နောက်မှာ၊ အဖေအနေနဲ့အမှန်တရားကို တွေ့အောင်လိုက်ရှာဖို့ဆုံးဖြတ်ခဲ့ပါတယ်။ ကျမ်းစာအုပ်တစ်အုပ်ပိုင်ဆိုင်ချင်လို့ သူ့ဘုန်းကြီးဆီမှာသွားပြီး၊ ကျမ်းစာတစ်အုပ်ဝယ်ခဲ့ပါတယ်။ အဖေ့အတွက် အဲဒါဟာတော်တော်ဈေးကြီးပါတယ်။

အဖေကသမ္မာကျမ်းစာကို လုံ့လစိုက်ပြီးစဖတ်ခဲ့ပါတယ်။ ဖတ်ရင်းဖတ်ရင်းနဲ့ မေးခွန်းသုံးပုဒ်က သူ့ကိုအနှောင့်အယှက်ပေးခဲ့ပြီး သူ့ဘုန်းကြီးဆီပြန်သွားခဲ့ပါတယ်။

“ဘာဖြစ်လို့ ကျွန်ုပ်တို့ရုပ်တုရှေ့မှာဦးညွှတ်ကြပြီးတနင်္ဂနွေနေ့မှာ စောင့်ထိန်းရတာလဲ” ဆိုပြီး သူက မေးခဲ့ပါတယ်။

ဘုန်းကြီးအနေနဲ့ မကျေနပ်ခဲ့ပါ။ ဘုန်းကြီးရဲ့အဖြေကိုအားမရခဲ့လို့၊ ဘုန်းကြီးရဲ့အသင်းတော်သို့သူမသွားတော့ပါ။ အဲဒီအစား၊ သူ့အနေနဲ့ ဇနီးသည်နဲ့သားနှစ်ယောက်ကို တနင်္ဂနွေနေ့မှာ အခြားအသင်းတော်သို့ခေါ်သွားခဲ့ပါတယ်။

မကြာခင်မှာပဲ၊ မြော်လင့်ခြင်းအသင်းသားတွေက မြို့ထဲမှာ တရားပွဲကျင်းပခဲ့ကြပြီး၊ အဖေက သူ့မိသားစုကို တရားနာဖို့ခေါ်ဆောင်ခဲ့ပါတယ်။ တရားဟောဆရာဆီမှာသွားပြီး၊ ရုပ်တုတွေနဲ့တနင်္ဂနွေနေ့မှာဝတ်ပြုတဲ့ အကြောင်းတွေကို မေးခဲ့ပါတယ်။

တရားဟောဆရာအနေနဲ့ သမ္မာကျမ်းစာထဲကနေ အဖြေတွေပေးခဲ့ပြီး၊ အဖေအမေနဲ့ အသက် ၁၆နှစ်သာရှိတဲ့ သူတို့သားလေးဟာ မြော်လင့်ခြင်းအသင်းတော်ထဲ သို့ဝင်လာခဲ့ကြပါတယ်။

ဆွေမျိုးနဲ့အိမ်နီးချင်းတွေက မကျေနပ်ခဲ့ကြပါ။ အဖေ့မှာညီအစ်ကိုငါးယောက်နဲ့ညီအစ်မ၂ယောက်ရှိခဲ့ပြီး၊ သူတို့က အဲဒီမိသားစုနဲ့စကားမပြောချင်ခဲ့ကြဘူး။ အိမ်နီးချင်းတွေအားလုံးက အဖေ့ရဲ့မိခင်အသင်းတော်မှာ အသင်းသားတွေဖြစ်ကြတယ်။ သူတို့ကလည်းစကားမပြောချင်ခဲ့ကြပါ။ အဖေဟာဥပုသ်နေ့မှာအလုပ်နားလို့မရတဲ့အတွက် သူ့ရဲ့ပုံမှန်အလုပ်ကနေ နုတ်ထွက်ခဲ့ပါတယ်။

နှစ်ပေါင်းအတော်များများ၊ မိသားစုအသက်တာဟာယှဉ်ပြိုင်စိန်ခေါ်နေခဲ့ရပါတယ်။ အဲဒီအတောအတွင်းမှာ၊ ချခင်နဲ့ဖခင်က သူတို့ရဲ့သားအငယ်ဆုံး Rex ကို အစိုးရကျောင်းကနေ၊ မြော်လင့်ခြင်းအသင်းတော်ဘော်ဒါ ကျောင်းတစ်ကျောင်း မှာပညာသင်ခိုင်းဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။

Rex အနေနဲ့၊ အသက် ၁၂ နှစ်အရွယ်မှာ E.D.Thomas Memorial Higher Secondary မှာပညာသင်ကြားခဲ့ပါတယ်။ သူ့အနေနဲ့ အဲဒီမှာ(၆)နှစ်ပညာသင်ကြားပြီး တဲ့နောက်၊ သူ့နှလုံးသားကို သခင်ခရစ်တော်ထံဆက်ကပ်ခဲ့ပါတယ်။

ယခု Spicer Adventist University ဖြစ်တဲ့စပိုက်စာကောလိပ်မှာ ဆက်လက်ပညာသင်ယူခဲ့ပြီး၊ ပါစတာတစ်ဦးဖြစ်လာခဲ့ပါတယ်။

ယခုအချိန်မှာ၊ သူဟာ တောင်ပိုင်းအိန္ဒိယနိုင်ငံမြော်လင့်ခြင်းအသင်းတော်သာ သနာအဖွဲ့ချုပ်ရဲ့ ဥပုသ်စာဖြေကျောင်းဌာန ညွှန်ကြားရေးမှူးအနေနဲ့ အမှုတော်ထမ်းဆောင်နေပါတယ်။

သေဆုံးခဲ့တဲ့သူ့အဖေဟာ သခင်ခရစ်တော်အတွက် အသက်ရှင်ခဲ့ရပါတယ်။ သူ့ဇာတိမြို့မှာ ပထမမြော်လင့်ခြင်းအသင်းတော်ကို သူတည်ထောင်ဖွင့်လှစ်ခဲ့ပြီး၊ နောက်ပိုင်းမှာ သမ္မာကျမ်းစာအမှုဆောင်အနေနဲ့ အမှုထမ်းဆောင်ခဲ့ပါတယ်။ နောက်ထပ်အသင်းတော်တွေကို သူပျိုးထောင်ခဲ့ပြီး လူအမြောက်အမြားကို ခရစ်တော်ထံ ပို့ဆောင်ခဲ့ပါတယ်။

Rex အနေနဲ့၊ လွန်ခဲ့တဲ့နှစ် ၄၀တုန်းက သူ့အဖေကို အိပ်ရာမှနိုးတဲ့အသံတစ်ခုအတွက် ကျေးဇူးတင်ခဲ့ပါတယ်။ သူ့မိဘတွေက မြော်လင့်ခြင်းအသင်းတော်ဘော်ဒါကျောင်းမှာ ပညာသင်ခိုင်းလို့ သူနှစ်ထောင်းအားရခဲ့ပါတယ်။ အဲဒီအတွေ့အကြုံနှစ်ခုက ထာဝရအသက်အတွက် သူ့အသက်တာကိုပြောင်းလဲပေးတယ်လို့ သူယုံကြည်ပါတယ်။

"ဘွဲ့ရပုဂ္ဂိုလ်တစ်ဦးဖြစ်လို့ ကျွန်တော်ဂုဏ်ယူပါတယ်။ ကျောင်းက ကျွန်တော့ကို အမှန်တရားကိုသွန်သင်လမ်းပြခဲ့လို့၊ ယခုအချိန်မှာကျွန်တော်ဟာဘုရားရဲ့အစေခံတစ်ဦး ဖြစ်ပါတယ်" ဆိုပြီး သူပြောခဲ့ပါတယ်။

ဒီပထမကွာတာရဲ့ ၁၃ ပတ်ဥပုသ်နေ့အလှူငွေတစ်ချို့အားဖြင့် အိန္ဒိယနိုင်ငံ၊ Thanjavuruမြို့က E.D Thomas Memorial Higher Secondary ကျောင်း၊ Rex ရဲ့ကျောင်းမှာပြိုလဲယိမ်းယိုင်နေတဲ့ အမျိုးသမီးဘော်ဒါဆောင်ပြန်လည်တည်ဆောက်ရာမှာ ကူညီထောက်ပံ့သွားမှာ ဖြစ်ပါတယ်။

မတ်လ ၃၀ ရက်နေ့မှာ ရက်ရောစွာအလှူငွေလှူဒါန်းဖို့ သင်တို့အနေနဲ့စီစဉ်နေတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။

## "ပျောက်ဆုံးနေတဲ့ ဘုရား"

မတ်လ (၁၆)ရက်၊ တင်ပြသူ-Jharendra,India နိုင်ငံ၊

(အရွယ်ရောက်ပြီးသော အမျိုးသားတစ်ဦးကိုတင်ပြခိုင်းရန်)

Jharendra ဟာ မြောက်အရှေ့ပိုင်း အိန္ဒိယနိုင်ငံမှာ တရုတ်နိုင်ငံနယ်စပ်နားက၊လူတိုင်းသိကျွမ်းခဲ့ကြတဲ့ မြို့ငယ်တစ်မြို့ကနေကြီးပြင်းခဲ့ပါတယ်။ မြို့သားတွေကကျောက်တုံးနဲ့ သစ်ပင်ဘုရားတွေကို ရှိခိုးခဲ့ကြပါတယ်။ သူတို့က သခင်ယေရှုကိုရှိခိုးခဲ့ကြပြီး၊ နေနဲ့လကိုလည်း ရှိခိုးခဲ့ကြပါတယ်။ ဘာသာရေးတစ်ဂိုဏ်းကဘာသာရေးဆိုင်ရာ ပွဲတော်နေ့ရှိတိုင်း၊ နိဗ္ဗာန်ထဲမှာ ဒါမှမဟုတ် ဘုရားကျောင်းထဲမှာ၊ ဒါမှမဟုတ်လမ်းမကြီးပေါ်မှာ အခမ်းအနားနဲ့ ကျင်းပခဲ့ကြပါတယ။

တစ်နေ့မှာ၊ အသက် ၁၂ နှစ်အရွယ်ရှိတဲ့ Jharendra အနေနဲ့မြို့ထဲကဆိုင်တစ်ဆိုင်မှာ ရွက်နုရွက်ညွန့်တွေကိုစားရင်း၊ လုပတဲ့သခင်ယေရှုရဲ့ကြော်ငြာစာရွက်ကြီးကသူ့မျက်စိတွေကို ဆွဲဆောင်ခဲ့ပါတယ်။ အဲဒီကြော်ငြာဟာ လက်ဝါးကပ်တိုင်ပေါ်သခင်ယေရှုကို ကြိုးပေးသတ်တဲ့ ပန်းချီလက်ရာဟာ အဆင့်မြင့်ခဲ့ပါတယ်။

Jharendra အနေနဲ့သခင်ယေရှုအကြောင်းကိုမသိခဲ့ပါ။ သူသိတာကတော့၊ သခင်ယေရှုဟာ လူတွေရှိခိုးတဲ့ဘုရားတွေထဲမှာ ဘုန်းတန်ခိုးကြီးတဲ့ဘုရားတစ်ပါးဖြစ်တယ်ဆိုတာပါပဲ။ သူ့အနေနဲ့ အဲဒီကြော်ငြာကို ဝယ်ယူခဲ့ပါတယ်။

သူအိမ်ပြန်လာရင်းနဲ့၊ အဲဒီလုပတဲ့ကြော်ငြာကို ဘယ်မာကပ်ရမလဲလို့ စဉ်းစားခဲ့ပါတယ်။ မိသားစုအနေနဲ့ သီးသန့်ဘုရားရှိခိုးတဲ့အခန်းရှိတာကို သူသတိရခဲ့ပါတယ်။ အဲဒီအခန်းထဲမှာ ဘောင်ခတ်ထားတဲ့ ဘုရားတစ်ချို့ရဲ့ ပန်းချီကားတွေကိုမိသားစုက ချိတ်ဆွဲခဲ့ပါတယ်။ အမေအနေနဲ့ နေ့စဉ်ရက်ဆက် အဲဒီအခန်းထဲမှာ ဘုရားရှိခိုးခဲ့ပါတယ်။ တခြားမိသားစုဝင်တွေအနေနဲ့လည်း ထိုဘုရားကိုရှိခိုးခဲ့ကြပါတယ်။

ဒါပေမဲ့ အခန်းထဲမှာ သခင်ယေရှုရဲ့ ပန်းချီတော့မရှိသေးပါဘူး။ Jharendra အနေနဲ့ မိသားစုတွေသတိမထားမိပေမဲ့ နံရံပေါ်မှာယေရှုရဲ့ ပန်းချီကားကို ချိတ်ဖို့ဆုံးဖြတ်ခဲ့ပါတယ်။

ဒါကြောင့်မို့ သူအိမ်ပြန်ရောက်တဲ့အခါ၊ အဖွေ့တူတစ်လက်နဲ့သံတစ်ချောင်းကို ယူပြီးတော့၊ ဘုရားရှိခိုးတဲ့အခန်းမှာ အမေလာတဲ့အချိန်၊ နံရံပေါ်မှာ ယေရှုရဲ့ပန်းချီကားချပ်ကြီးကို ချိတ်ဖို့ သံချောင်းရိုက်နေခဲ့ပါတယ်။

သူ့မအနေနဲ့ Jharendra ထံသို့ ရုတ်တရက်တဟုန်ထိုးပြေးဝင်လာပြီး စကားတစ်ခွန်းမှမပြောဘဲနဲ့ Jharendra ရဲ့ပါးကိုသူ့လက်ဝါးနဲ့ရိုက်ခဲ့ပါတယ်။ Jharendra ရဲ့ မျက်နှာအနှံ့စူးရှတဲ့နာကျင်မှုကို ခံစားခဲ့ရပါတယ်။

"ဘာဖြစ်လို့ ကျွန်တော့်ကို လက်ဝါးနဲ့ရိုက်တာလဲ" ဆိုပြီးသူက မေးခဲ့ပါတယ်။

အမေက သခင်ယေရှုကို လက်ညှိုးထိုးပြီးတော့၊"သူဟာဘုရားဖြစ်ပေမဲ့၊ ငါတို့ရဲ့ဘုရားမဟုတ်ပါဘူး။ ယထုတ်လိုက်ပါ" ဆိုပြီး ပြောခဲ့ပါတယ်။

အမေကစောင့်ကြည့်နေချိန်မှာပဲ Jharendra က သံချောင်းကိုဆွဲထုတ်ပြီးပန်းချီကားချပ်ကို ယူထုတ်ခဲ့ပါတယ်။ ပြီးတော့ အမေထွက်သွားခဲ့ပါတယ်။

Jharendra အနေနဲ့၊ အမေက သူ့ဘုရားတွေထဲမှာ သခင်ယေရှုရဲ့ပန်းချီကားကိုဘာဖြစ်လို့မလိုချင်ရတာလဲဆိုတာနားမလည်ခဲ့ပါ။ ဒါပေမဲ့သူကတော့ အဲဒီပန်းချီကားချပ်ကိုလွှင့်မပစ်ပဲ၊ အံဆွဲထဲမှာ သိမ်းထားခဲ့ပါတယ်။ သခင်ယေရှုဟာရှိခိုးဖို့ထိုက်တန်တာမကပဲ သူ့ကိုရှိခိုးရမယ်ဆိုတာ သူခံစား သိမြင်ခဲ့ရပါတယ်။ အဲဒီကြော်ငြာချပ်ကို သူယူသွားခဲ့ပြီး၊ ဘုရားရှိခိုးခန်းတံခါးကို ဖွင့်ပြီးတော၊ အပြင်သို့ခြေလှမ်းခဲ့ပါတယ်။

သူက တံခါးပေါက်ကို ကြည့်ပြီးတော့၊ သခင်ယေရှုရဲ့ ကြော်ငြာချပ်ကိုတံခါးပေါက်ပေါ်မှာ ချိတ်ဆွဲလိုက်ရင်သိပ်ကောင်းမှာပဲလို့ ဆုံးဖြတ်လိုက်ပါတယ်။ ဒါနဲ့ တံခါးပေါက်အပေါ်မှာကြော်ငြာချပ်ကို ချိတ်ဆွဲခဲ့ပါတယ်။ သူ့အလုပ်အတွက် သူကျေနပ်နှစ်သိမ့်မခဲ့ပါတယ်။ အမေက မိသားစုရဲ့ဘုရားရှိခိုးခန်းမှာ ချိတ်ဖို့ခွင့်မပြုပေမဲ့၊ အခုကျတော့ ဘုရားရှိခိုးခန်းထဲဝင်တိုင်း သခင်ယေရှုကို တွေ့မြင်နိုင်မှာဖြစ်ပါတယ်။ ဘုရားရှိခိုးခန်းထဲဝင်တဲ့လူတိုင်းက အရင်ဆုံး သခင်ယေရှုကိုတွေ့မြင်သွားမှာဖြစ်ပါတယ်။

Jharedra နဲ့ သူ့မိသားစုတို့က နေ့စဉ်ရက်ဆက်သခင်ယေရှုကိုတွေ့မြင်ခဲ့ကြပေမဲ့၊ Jharedra တောင်မှအသက်ကြီးလာတဲ့အထိ သခင်ယေရှုအကြောင်း သိပ်မစဉ်းစားခဲ့ပါ။ ဝမ်းမသာပေမဲ့လည်း သမ္မာကျမ်းစာကိုစတင်လေ့လာပြီးတော့၊ အသင်းတော်အသီးသီးမှာ သူသွားလည်ခဲ့ပါတယ်။

မြော်လင့်ခြင်းအသင်းသားဖြစ်တဲ့ သူ့သူငယ်ချင်းက ခရစ်ယာန်ဘာသာရေးမှာ သူ့စိတ်ဝင်စားမှုကိုကြားသိလို့၊ "အသင်းတော်တစ်ပါးထဲဝင်ချင်တယ်ဆိုရင် မြော်လင့်ခြင်းအသင်းတော်မှာ အမှန်တရားရှိတယ်နော်" ဆိုပြီး သူ့ဆီမှာပြောခဲ့ပါတယ်။

Jharendra ဟာ မြော်လင့်ခြင်းအသင်းတော်တစ်ပါးသို့ သွားခဲ့ပါတယ်။ တရားဟောချက်က သူ့နှလုံးသားကိုတွေ့ထိပြီး၊ ချက်ချင်းပဲပါစတာဆီမှာ ရေနှစ်ခြင်းခံဖို့သူ တောင်းဆိုလိုက်ပါတယ်။ "သမ္မာကျမ်းစာလေ့လာပြီးမှပဲသင်ရေနှစ်ခြင်းခံလို့ရမယ်။ ကျွန်ုပ်တို့အနေနဲ့ သမ္မာကျမ်းစာမလေ့လာပဲနဲ့၊ တစ်စုံတစ်ယောက်ကိုမှရေနှစ်ခြင်းမပေးခဲ့ပါ" ဆိုပြီး ပါစတာက ပြန်ပြောခဲ့ပါတယ်။

သူရေနှစ်ခြင်းခံပြီးတဲ့နောက်မှာ၊ သူ့မိသားစုက သူ့ကိုဝိုင်းကြည့်ခဲ့ကြပါတယ်။ ဒါပေမဲ့ ယခုအချိန်မှာ သူ့အနေနဲ့မှန်ကန်တဲ့ ဆုံးဖြတ်ချက်ချတယ်ဆိုတာသူသေချာ ပါတယ်။

"ကျွန်တော့်မိသားစုထဲမှာ ကျွန်တော်ဟာအရင်ဆုံး ခရစ်ယာန်တစ်ဦးဖြစ်လာပါတယ်" ဆိုပြီး သူပြောခဲ့ပါတယ်။

"စိတ်ထိခိုက်လှုပ်ရှားမှုအပေါ်မှာ ခရစ်ယာန်ဘာသာ ဒါမှမဟုတ် သခင်ယေရှုကိုသင်ရွေးချယ်တယ်ဆိုရင် သင့်ခံစားချက်အတွက် အနာဂတရဖြစ်တဲ့အခါသင့်လမ်းခရီးဟာအဆုံးသတ်သွားနိုင်တယ်။ ဒါပေမဲ့ သင့်အနေနဲ့ သခင်ယေရှုကိုဆင်ခြင်တွေးခေါ်မှုစနစ်နဲ့ ကိုယ်ကျင့်တရားအားဖြင့် ရွေးချယ်ခဲ့သော်၊သင့်လမ်းခရီးဟာ ဆက်လက်တည်ရှိနေမှာဖြစ်ပါတယ်" ဆိုပြီး သူပြောခဲ့ပါတယ်။

ဒီပထမကွာတာရဲ့ ၁၃ ပတ် ဥပုသ်တော်နေ့အလှူငွေတစ်ချို့အားဖြင့် အိန္ဒိယနိုင်ငံမှာ ကျောင်း(၆)ကျောင်းနဲ့ အသင်းတော် နှစ်ပါးတို့ကို ကူညီပံ့ပိုးသွားမှာဖြစ်ပါတယ်။

မတ်လ(၃၀)ရက်နေ့မှာ၊ ရက်ရောစွာ လှူဒါန်းဖို့သင်တို့အနေနဲ့ စီစဉ်နေတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။

-၀-

## "အသက်ရှင်လို့ ဝမ်းမြောက်နေ"

မတ်လ(၂၃)ရက်၊ တင်ပြသူ-Shiva, India နိုင်ငံ

(အရွယ်ရောက်ပြီးသား အမျိုးသားတစ်ဦးကို တင်ပြခိုင်းရန်)

Shiva အနေနဲ့ အိန္ဒိယနိုင်ငံကဘုရားတွေနဲ့ နတ်ဘုရားတွေဆီမှာပဲဆုတောင်းခဲ့ပါတယ်။ သူ့အတွက် အခြားနည်းလမ်းတစ်ခုမှမရှိပါ။

သူ့ရဲ့အရွယ်ရောက်ပြီးသား သမီး Arati အနေနဲ့ အခြားဘုရားဖြစ်တဲ့သခင် ယေရှုကိုယုံကြည်ဖို့ ဆုံးဖြတ်ခဲ့တဲ့အခါ၊ သူဟာထိတ်လန့်ခဲ့ပါတယ်။ Shiva အနေနဲ့ အဲဒီအသစ်သော ဘုရားအကြောင်းကို မယုံကြည်၊ စိတ်မချခဲ့ပါ။

ဒါပေမဲ့၊ သူ့သမီး Arati အနေနဲ့သခင်ခရစ်တော်ဆီမှာ ဆုတောင်းရင်းအကောင်းဖက်မှာ သူ့အသက်တာပြောင်းလဲလာတာကို သူတွေ့မြင်တဲ့အခါ သူစိတ်မပူခဲ့ပါ။

သူ့ဘုရားတွေနဲ့ နတ်ဘုရားမတွေဆီမှာပဲ သူဆုတောင်းခဲ့ပါတယ်။ သူဟာအသက်ကြီးသူတစ်ဦးဖြစ်ပြီး၊ အဲဒီအသစ်သောဘုရားရဲ့ မစမှုအတွက် သူ့မှာ လိုအပ်ချက်တစ်ခုမှ သူမတွေ့ခဲ့ပါ။

Shiva ဟာ အိမ်မှာဆိုးဆိုးဝါးဝါးလဲကျခဲ့ပါတယ်။ သူ့သမီးက သူ့ကို ပျာယီးပျာယာဆေးရုံသို့ ပို့ဆောင်ခဲ့ပါတယ်။ နောက်တစ်ပတ်မှာ သမီးကသူ့ကို အိမ်ကိုပြန်ပို့ပြီးကြည့်ရှုစောင့်ရှောက်ခဲ့ပါတယ်။ သူငယ်ချင်းတွေနဲ့ဖုန်းအားဖြင့် သူစကားပြောတဲ့အခါ၊ Shiva က သူ့ကျန်းမာရေးအတွက် သူမရဲ့ဆုတောင်းပေးတာကို ကြားလို့ရခဲ့ပါတယ်။

သုံးလကြာတဲ့အခါ၊ Shiva ဟာ ပြန်ပြီးနလန်ထူလာခဲ့ပါတယ်။ သူ့ဘုရားတွေနဲ့ နတ်ဘုရားတေဆီမှာပဲဆက်ပြီး ဆုတောင်းနေခဲ့ပါသေးတယ်။

နောက်တစ်ခါ၊ သူလဲကျပြန်ခဲ့ပါတယ်။ အဲဒီအချိန်မှာ သူဟာဆေးရုံမှာ ၁၅ရက် ဆေးကုသမှုခံယူခဲ့ပါတယ်။ သူ့နံရိုးကျိုးသွားလို့ အိပ်ရာပေါ်မှာအနားယူဖို့ဆရာဝန်က အကြံပေးခဲ့ပါတယ်။

အိမ်ပြန်ရောက်တဲ့အခါ သူ့ကျန်းမာရေးက ပိုပြီးဆိုးရွားလာခဲ့ပါတယ်။ သူ့သမီးArati အနေနဲ့စိတ်ပူလို့၊ မြော်လင့်ခြင်း အသင်းတော်ရဲ့ လူနေမှုဘဝပုံစံမွမ်းမံတဲ့ ဌာနသို့ သူ့ကိုခေါ်ဆောင်ခဲ့ပါတယ်။

မြော်လင့်ခြင်းဆရာဝန်တစ်ဦးရဲ့ ပြုစုကုသမှုကြောင့်၊ Shiva ဟာ ဖြည်းဖြည်း ချင်းခွန်အားပြန်ရှိလာခဲ့ပါတယ်။ Mark က Shiva ကိုသူ့အခန်းထဲမှာ ပြုစုကုသခဲ့ပါတယ်။ Mark အနေနဲ့ သနားကြင်နာတတ်ပြီးဂရုစိုက်တတ်လို့၊ Shiva အနေနဲ့အထူးတလည် ချီးမွမ်းခဲ့ပါတယ်။ Mark ရဲ့သနားကြင်နာတတ်မှုကြောင့်၊ Shiva အနေနဲ့သခင်ဘုရား ရဲ့မေတ္တာကို ပထမအကြိမ် သိမြင်ခံစားခဲ့ရပါတယ်။

အဲဒီ လူနေမှုဘဝပုံစံ မွမ်းမံတဲ့ဌာနမှာ သူနေခဲ့တဲ့လေးလအတွင်း၊ စနေနေ့တိုင်း အသင်းတော်ရဲ့ဝတ်ပြုတဲ့ အစီအစဉ်မှာ သူတက်ရောက်ခဲ့ပါတယ်။ သူ့အနေနဲ့ သခင် ယေရှုအကြောင်းရယ်၊ ဥပုသ်နေ့အကြောင်းရယ်၊ ကောင်းတဲ့ အစာအဟာရအကြောင်းရယ်သိရှိလာခဲ့ပါတယ်။

ဥပုသ်တော်နေ့တစ်နေ့မှာ၊ လာလည်တဲ့ တရားဟောဆရာရဲ့တရားဟောချက်က "ရှီဗာ"ရဲ့ နှလုံးသားကိုတွေ့ထိခဲ့ပါတယ်။ "ရှီဗာ"အနေနဲ့ သူ့နှလုံးသားကို သခင်ယေရှုထံမှာဆက်ကပ်ဖို့ ဆန္ဒပြင်းပြလာခဲ့ပါတယ်။

ဒါပေမဲ့ သူ့မိသားစုတွေက "ရှီဗာ" ရဲ့ဝိညာဉ်ရေးဆိုင်ရာအာရုံစိုက်မှုကို တိမ်းယိမ်းစေခဲ့ပါတယ်။ ယေရှုအတွက်အသက်ရှင်ချင်တဲ့ဆန္ဒတောင်မှ သူမေ့လျော့ခဲ့ပါတယ်။ သူ့ကျန်းမာရေးကလည်း ပြန်ဆိုးဝါးလာခဲ့ပါတယ်။

မြော်လင့်ခြင်း ဆရာဝန်နဲ့ Mark တို့ရဲ့ ကူညီကုသမှုကြောင့် "ရှီဗာ"ရဲ့ ကျန်းမာရေးဟာပြန်ကောင်းလာခဲ့ပါတယ်။

ဒီတစ်ခါမှာတော့ "ရှီဗာ" အနေနဲ့ အသိတစ်ခုဝင်လာခဲ့ပါတယ်။ သခင်ယေရှုထံ ကထွက်သွားတိုင်းသူ့အနေနဲ့ ကျန်းမာရေးပြဿနာနဲ့ရင်ဆိုင်ခဲ့ရပါတယ်။ သူ့ဆန္ဒအရ သူလုပ်တိုင်း သူလဲကျခဲ့ပါတယ်။

သခင်ယေရှုက သူ့ဆန္ဒအတိုင်း မလုပ်စေချင်ပါဘူးဆိုတာ သူသိမြင်ခံစားခဲ့ရပါတယ်။ သခင်ယေရှုက သူ့အနားမှာပဲ နေဖို့သူ့ကိုခေါ်နေသယောင် ဖြစ်ခဲ့ပါတယ်။ အဲဒီ ခဏတဖြုတ်မှာပဲ သခင်ယေရှုထံမှာ သူ့နှလုံးသားကိုဆက်ကပ်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

သူ့သမီးကိုခေါ်ပြီးတော့၊ "ကျွန်တော်မသေခင်၊ ယနေ့မှာပဲ ကျွန်တော်ကိုယ်တိုင် ကယ်တင်ရှင်အဖြစ် သခင်ယေရှုကိုလက်ခံရင် ပိုကောင်းမှာပဲ" ဆိုပြီး သူပြောခဲ့ပါတယ်။

"ရှီဗာ" ရဲ့အရင်လဲကျခဲ့တဲ့ အချိန်ကနေ ၁၀ လတိတိပြည့်တဲ့အချိန်မှာ သခင်ယေရှုထံမှာသူ့နှလုံးသားကို ဆက်ကပ်ခဲ့ပါတယ်။ နောင်တရပြီး ပျောင်းနွမ်းနေတဲ့အအသက်တာကို ရေအားဖြင့် ဆေးကြောခဲ့ပါတယ်။ အသက်(၇၈)နှစ်အရွယ်ရှိတဲ့အဖိုးကြီးဟာ အိန္ဒိယနိုင်ငံက မြစ်တစ်ချောင်းရဲ့ရေထဲကနေ ခရစ်တော်သခင်ရဲ့ အသစ်သောသားလိုထွက်ပေါ်လာခဲ့ပါတယ်။

ယခုအချိန်မှာ၊ "ရှီဗာ"အနေနဲ့ ဘုရားတွေနဲ့နတ်ဘုရားမတွေထံ ဆုမတောင်းတော့ပါ။ ကောင်းကင်က သခင်ဘုရားထံမှာပဲ ဆုတောင်းပါတော့တယ်။

"ဆေးလိပ်ဖြတ်ဖို့နဲ့မဲနက်တဲ့လက်ဖက်ရည်ကို ဖြတ်ဖို့ သခင်ယေရှုက ကူညီခဲ့ပါတယ်။ ကျွန်တော့်ရဲ့ ကျန်းမာရေး ကကောင်းမွန်လာပြီးစိတ်ချမ်းသာလာလို့ တစ်နေ့သုံးခါဆုတောင်းခဲ့ပါတယ်။ ယခုထက်ထိ အသက်ရှင်ခွင့်ပေးတော်မူတဲ့ သခင်ယေရှုအပေါ် အထူးကျေးဇူးတင်ပါတယ်" ဆိုပြီး သူပြောခဲ့ပါတယ်။

ဆက်ပြီးတော့၊ "ကျွန်တော့်သမီးက လူနေမှုဘဝပုံစံမွမ်းမံတဲ့ဌာနသို့ ခေါ်ဆောင်ခဲ့တဲ့အတွက် သခင်ယေရှုကို ကျွန်တော်ကျေးဇူးတင်ပါတယ်။ ထိုသို့မဟုတ်ခဲ့သော် သခင်ယေရှုကို ကျွန်တော်မသိပဲနဲ့ကျွန်တော့ ကယ်တင်ရှင်လို့လက်ခံဖို့ အခွင့်အခါရရှိမှာမဟုတ်ပါဘူး" ဆိုပြီး သူပြောခဲ့ပါတယ်။

အိန္ဒိယနိုင်ငံနဲ့ ကမ္ဘာတစ်ဝှမ်းလုံးမှာနေထိုင်တဲ့ လူတွေထံသို့ သခင်ယေရှုရဲ့ချစ်ခြင်းမေတ္တာကိုဝေငှရာမှာ ကူညီထောက်ပံ့တဲ့သင်တို့ရဲ့ ဥပုသ်စာဖြေအလှူငွေအတွက် ကျေးဇူးတင်ပါတယ်။

သင်တို့ရဲ့ ၁၃ ပတ်အလှူငွေတစ်ချို့ကို အိန္ဒိယနိုင်ငံနဲ့ နီပေါနိုင်ငံတို့ရဲ့အထူးစီမံကိန်းတွေမှာ ကူညီထောက်ပံ့သွားဖြစ်လို့ သင်တို့ကိုအထူးကျေးဇူးတင်ပါတယ်။

-၀-

## "၁၃ ပတ် ဥပုသ်တော်နေ့အစီအစဉ်"

နှုတ်ခွန်းဆက်စကား - ဥပုသ်စာဖြေကျောင်းခေါင်းဆောင်
အဖွင့်သီချင်း - "မင်္ဂလာမိုးသွန်းလောင်းရွာမည်ကျူး" မြန်မာ-၄၈၊ CH - 652
အဖွင့်ဆုတောင်း -
အစီအစဉ် - "ခေါ်ဖိတ်မှုတစ်ခုရဲ့ အရေးကြီးမှု"
အလှူငွေကောက်ခံခြင်း -
အပိတ်သီချင်း - "ယေရှုကြွလာဦးမည်ကျူး" မြန်မာ-၅၉ CH – 541

## "သာသနာလုပ်ငန်းမှာ ပူပင်သောကရောက်မှု"

မတ်လ(၃၀)ရက်၊ တင်ပြသူ-နာသန်၊ အိန္ဒိယနိုင်ငံ၊

(အရွယ်ရောက်ပြီးသား အမျိုးသားတစ်ဦးကို တင်ပြခိုင်းရန်)

"နာသန်" ဟာ လေဘနွန်နိုင်ငံမှာ၊ သူ့မိသားစု သာသနာပြုဆရာအနေနဲ့အမှုထမ်းပြီးမှ အိန္ဒိယနိုင်ငံသို့ပြန်လာခဲ့ပါတယ်။ သူဟာအသက် ၆နှစ်ရှိပါပြီ။ သူဟာငယ်ရွယ်တဲ့ယောက်ျားလေးတစ်ယောက်ဖြစ်ပြီး၊ သာသနာလုပ်ငန်းမှာ စိတ်မဝင်စားခဲ့ပါ။

"နာသန်" ၁၂ အရွယ်ရောက်တဲ့အခါအရာရာဟာ ပြောင်းလဲခဲ့ပါတယ်။ ကလေးတွေရဲ့သာသနာပြုတဲ့ ပုံပြင်တွေကို ဘုရားကျောင်းမှာ ဥပုသ်နေ့တိုင်းကြားခဲ့ရလို့ သူစွဲလမ်းမိခဲ့ပါတယ်။ ကွာတာတိုင်း ကလေးတွေရဲ့သာသနာပြုတဲ့ပုံပြင်စာအုပ်ဟောင်းတွေကို သူစတင် ဖတ်ရှုခဲ့ပါတယ်။ ပုံပြင်တွေဖတ်ရင်းနဲ့ သခင်ဘုရားအတွက် တစ်စုံတစ်ရာကို သူလုပ်ချင်ခဲ့မိပါတယ်။

"ကျွန်တော့်အရွယ်နဲ့ ပိုပြီးအသက်ငယ်တဲ့လူငယ်တွေကိုတောင်ဘုရားက အသုံးပြုသေးတယ်ဆိုရင်၊ ဘာဖြစ်လို့ငါ့ကိုကိုယ်တော်က သာသနာပြုသူလိုအသုံးပြုလို့မရမှာလဲ" ဆိုပြီး သူက စဉ်းစားခဲ့ပါတယ်။

တစ်နှစ်၊နှစ်နှစ်၊သုံးနှစ် လွန်သွားခဲ့ပါတယ်။ "နာသန်" ဟာ အသက် ၁၅နှစ်ရှိခဲ့ပြီ။ သာသနာလုပ်ငန်းမှာ သခင်ဘုရားအတွက်တစ်စုံတစ်ခုမှမလုပ်ရသေးပါလား ဆိုပြီး ခံစားနေရတုန်းပါ။

အဲဒါနဲ့ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အိန္ဒိယတစ်နိုင်ငံလုံးလနဲ့ချီပိတ်ဆို့ခဲ့ပါတယ်။ "နာသန်"ရဲ့အဖေဟာ ပါစတာတစ်ဦးဖြစ်ပြီး၊ မိဘတွေကတောင်းဆိုလို့ အသွားအလာပိတ်ဆို့တဲ့အချိန်ကာလမှာ၊ အိမ်မှာသောင်တင်နေတဲ့ ဆယ်ကျော်သက်လူငယ်တွေအတွက် အွန်လိုင်းသမ္မာကျမ်းစာသင်မှုတစ်ခုကို ဖွဲ့စည်းခဲ့ပါတယ်။ အွန်လိုင်းအဖွဲ့ဟာ ဆယ်ကျော်သက်အရွယ် ၁၅ ယောက်အထိတိုးလာခဲ့ပြီး၊ အသက်ဆယ်နှစ်အောက်ကလေး တစ်ချို့လည်းပါဝင်ခဲ့ကြပါတယ်။ သူ့အဖေက၊ "ပိုငယ်တဲ့ကလေးတွေအတွက်အံမကိုက်ပါဘူး။ အဖွဲ့မှာ သင်ကြားတဲ့အဆင့်ဟာနှစ်မျိုးဖြစ်နေတယ်" ဆိုပြီး သူ့အမေကိုပြောတာ "နာသန်" ကကြားခဲ့ပါတယ်။

အဲဒီညမှာ ကုတင်ပေါ် "နာသန်" လဲလျောင်းရင်းနဲ့၊ အသက်ငယ်တဲ့ကလေးတွေအတွက် အွန်လိုင်းသမ္မာကျမ်းစာသင်တဲ့တစ်ဖွဲ့ကို စတင်ဖို့သူ့စိတ်ထဲမှာ စွဲမြဲခဲ့ပါတယ်။

မနက်စာစားချိန်မှာ၊ သူ့တွေးတောချက်တွေကို သူ့မိဘဆီပြန်ပြောပြခဲ့ပါတယ်။ အဲဒီအကြံကို ချက်ချင်းစတင်ဖို့ သူတို့ကအားပေးခဲ့ပါတယ်။

"နာသန်"ဟာ အိမ်စာကြည့်တိုက်ထဲက စာအုပ်တွေကိုစိတ်ဝင်စားစွာနဲ့ လိုက်ကြည့်ခဲ့ပါတယ်။ တွေ့ဆုံတဲ့အခါတိုင်း၊ Arthur Maxwell ရဲ့ ကျမ်းစာပုံပြင်စာအုပ်ထဲကပုံပြင်တွေကို ဖတ်ဖို့ သူဆုံးဖြတ်ခဲ့ပါတယ်။

အဲဒီကြိုးစားမှုကို သခင်ဘုရားက ကောင်းချီးပေးခဲ့ပါတယ်။ အိမ်အနီးနားတဝိုက်ကကလေးတွေပါ အွန်လိုင်းကျမ်းစာသင်တဲ့အဖွဲ့မှာပါဝင်လာခဲ့ပါတယ်။ အပတ်တိုင်း အွန်လိုင်းတွေ့ဆုံစုဝေးမှုမှာ ကလေး ၁၂ ယောက်ပါဝင်လာခဲ့ပါတယ်။

### *ပိုပြီးတော့ လုပ်နေတယ်၊*

"နာသန်"အနေနဲ့ ကျမ်းစာသင်တဲ့အဖွဲ့ကိုဦးဆောင်ရတာ ပိုပျော်ခဲ့ပါတယ်။ သာသနာလုပ်ငန်းအတွက်အသုံးပြုနေသလို သူခံစားခဲ့ရပါတယ်။ ဒါပေမဲ့ပိုပြီးတော့ တစ်စုံတစ်ရာကိုလုပ်ချင်ခဲ့ပါတယ်။

တစ်နှစ်လောက်ကြာပြီးမှ ကိုဗစ်-၁၉ ကန့်သတ်မှုတွေလျော့သွားသလို၊ နောက်ဆုံးအဆင့်ထိ နေမကောင်းတဲ့ မိန်းကလေး သူငယ်ချင်းတွေ၊ အိမ်နီးချင်းတွေနဲ့အဝေးကြီးက သာသနာပြုဆရာတွေပါဆုတောင်းပေးခဲ့တဲ့ တရားဟော

ချက်ကိုသူကြားခဲ့ရပါတယ်။ မိန်းကလေးအနေနဲ့ သူမသေခင်သုံးလပဲဆုတောင်းပေးရပေမဲ့၊ လူအမြောက်အမြားရဲ့ အသက်တာမှာ ကြီးမားတဲ့ခြားနားမှုတွေ ဖြစ်စေခဲ့ပါတယ်လို့ တရားဟောဆရာကဟောခဲ့ပါတယ်။

"နာသန်" အနေနဲ့၊ "ကျွန်တော်လည်းဆုတောင်းရမယ်။ ကျွန်တော့အတန်းဖော်တွေ၊ သူငယ်ချင်းတွေနဲ့ ကျွန်တော့အိမ်နီးချင်းတွေက ဆယ်ကျော်သက်ကလေးတွေအတွက် ကျွန်တော်ဆုတောင်းပေးလို့ရတယ်" ဆိုပြီး စဉ်းစားခဲ့ပါတယ်။

"နာသန်" ပညာသင်နေတဲ့မြော်လင့်ခြင်းအသင်းတော်ကျောင်းမှာ၊ သူ့ရဲ့အတန်းဖော်အများစုဟာ ခရစ်ယာန်မဟုတ်ပါ။ တခြားဘာသာရေးမှာ အဖွဲ့ဝင်တွေဖြစ်ကြပါတယ်။

"နာသန်"အနေနဲ့၊ ဘယ်သူ့အတွက်ဆုတောင်းပေးရမလဲဆိုတာ စဉ်းစားခဲ့ပါတယ်။ ခရစ်ယာန်ဘာသာကို သဘောကျတဲ့လူတွေအတွက် ဆုတောင်းပေးဖို့သူဆုံးဖြတ်ခဲ့ပါတယ်။

"နာသန်"ဟာ နံနက်ယံဝတ်အစီအစဉ်မှာ သီချင်းဆိုရတာပျော်တဲ့အပြင်၊တ ရားဟောချက်တွေကိုအာရုံစိုက်နားထောင်တဲ့ Arun ကို သတိရခဲ့ပါတယ်။ Arun အတွက်သူဆုတောင်းပေးခဲ့ပါတယ်။

တစ်နေ့မှာ၊ Arun ဆီမှာ၊ "သင့်အနေနဲ့ ခရစ်ယာန်ဘာသာရေးဆိုင်ရာအရာတွေကို စိတ်ဝင်စားလို့ ကျွန်တော်ဝမ်းသာပါတယ်" ဆိုပြီး သူပြောခဲ့ပါတယ်။

Arun အနေနဲ ပြုံးရွှင်ပြီးတော့၊ "သီချင်းဆိုတာကျွန်တော် ဝါသနာပါပါတယ်။ သခင်ယေရှုကို ကျွန်တော့်ဘုရားတွေထဲမှာ တစ်ပါးအနေနဲ့လက်ခံတာ ကြာလှပြီ" ဆိုပြီး သူပြောခဲ့ပါတယ်။

"နာသန်" အနေနဲ့၊ ပြီးတော့သိချင်လို့ "သင့်မိဘတွေက သင့်အတွက် ဒီခရစ်ယာန်ကျောင်းကိုဘာဖြစ်လို့ရွေးရတာလဲ" ဆိုပြီး သူမေးခဲ့ပါတယ်။

"ကျွန်ုပ်တို့က မြို့ရဲ့အပြင်လယ်တစ်ကွက်မှာနေထိုင်ကြပါတယ်။ ကျွန်ုပ်တို့အိမ်နဲ့နီးကပ်ရာမှာ မြော်လင့်ခြင်းအသင်းတော်ကျောင်းကားပဲ လာတယ်" ဆိုပြီး သူပြောခဲ့ပါတယ်။

အဲဒီလိုစကားပြောကြရင်းနဲ့ 'နာသန်'နဲ့ Arun တို့ဟာမိတ်ဆွေဖြစ်လာခဲ့ကြပါတယ်။ အဆင‌ပြေတဲ့အခါတိုင်း 'နာသန်' ကသူ့ဆီမှာ သခင်ခရစ်တော်အပေါ်သူ့ ချစ်ခြင်းမေတ္တာကို ပြောပြခဲ့ပါတယ်။ အဲဒီမျိုးစေ့တွေကနေ အသီးသီးလာဖို့ သူဆုတောင်းခဲ့ပါတယ်။

*မျှော်လင့်ချက်ကင်းတဲ့ အကြောင်း၊*

'နာသန်' အနေနဲ့၊ Arun ဆီမှာ သခင်ယေရှုအကြောင်းပြောပြနေစဉ်၊ တခြားယောကျ်ားလေး Jai ကလဲအတန်းဖော်တွေကို သူရှိခိုးခဲ့တဲ့ဘုရားတွေရဲ့ တန်ခိုးနဲ့ကောင်းမြတ်မှုကို စိတ်အားထက်သန်စွာ ပြောပြနေခဲ့ပါတယ်။ Jai အနေနဲ့၊ သူ့မိသားစုရဲ့ ယုံကြည်မှုအတွက် မနာလိုဂြုစူခဲ့ပြီး၊ သူ့နဖူးပေါ်မှာ နေ့တိုင်းဝတ်ပြုဖို့ထုံးနည်းနဲ့ဆိုင်တဲ့အမှတ်အသားကို ဝတ်ဆင်ခဲ့ပါတယ်။ Jai အနေနဲ့၊ သူ့ဘုရားတွေအကြောင်းကို 'နာသန်' ဆီမှာပြောပြခဲ့ပါတယ်။ ဒါကြောင့် 'နာသန်' အနေနဲ့ Jai အတွက်ဆုမတောင်းတော့ပါ။

တစ်နေ့မှာ 'နာသန်'အနေနဲ့၊ ဝတ်ပြုတဲ့အစီအစဉ်မှာ စန္ဒယားကိုတီးခဲ့ပြီး၊ သူ့ကျွမ်းကျင်မှုက Jai ရဲ့စိတ်ထဲမှာ စွဲမြဲခဲ့ပါတယ်။ သူက 'နာသန်' ကိုချီးမွမ်းပြီးတော့၊စန္ဒ ယားတီးရင်းနဲ့ သူ့ဘာသာရေးဆိုင်ရာသီချင်းကို ဆိုပြဖို့ သူတောင်းဆိုခဲ့ပါတယ်။

"ကျွန်တော် ဝမ်းနည်းပါတယ်။ ခရစ်ယာန်တေးဂီတတွေပဲတီးလို့ပါ"ဆိုပြီး 'နာသန်' ကဖော်ဖော်ရွေရွေပြောခဲ့ပါတယ်။

Jai အနေနဲ့၊ လအနည်းငယ်အတွင်း 'နာသန်'နဲ့ စကားမပြောတော့ပါ။ 'နာသန်' အနေနဲ့၊ သူ့ရဲ့တခြားအတန်းဖော်တွေအတွက်ဆုတောင်းနေခဲ့ပြီး၊ သခင်ဘုရားက နှလုံးသားတွေကို တွေ့ထိနေတာ သူတွေ့ရလို့ ဝမ်းသာခဲ့ပါတယ်။

တစ်နေ့မှာ၊ Jai ဟာ'နာသန်' ဆီလာပြီးတော့၊ "သခင်ရဲ့ ဆုတောင်းပတ္ထနာကိုသင်ပေးပါလား" ဆိုပြီးရုတ်တရက်ပြောခဲ့ပါတယ်။

'နာသန်' အနေနဲ့သူကြားတာကို မယုံနိုင်ခဲ့ပါ။ Jai ဟာဆုတောင်းပေးဖို့ထိုက်တန်တဲ့ မြေသြဇာကောင်းတဲ့မြေမဟုတ်သလို ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ သခင်ရဲ့ဆုတောင်းပတ္ထနာကို သင်ပေးဖို့ သူတောင်းဆိုခဲ့ပါတယ်။

'နာသန်' အနေနဲ့ သခင်ယေရှုအပေါ် သူ့ချစ်ခြင်းမေတ္တာကို Jai ဆီမှာ ဝေငှခဲ့ပါတယ်။ အချိန်တွေလွန်သွားရင်း၊ Jai အနေနဲ့ သူ့ဘုရားတွေအကြောင်းကိုမပြောတော့တာ သတိပြုမိခဲ့ပါတယ်။ တစ်ချိန်တစ်ခါမှာ၊ သူ့နဖူးပေါ်အမှတ်အသားတွေမပါဘဲ ကျောင်းသို့သူသွားခဲ့ပါတယ်။

"မကြာခင်မှာပဲ Jai အနေနဲ့ အမှန်တရားကို ရှာဖွေတွေ့ရှိသွားမှာပါ" ဆိုပြီး 'နာသန်' ကပြောခဲ့ပါတယ်။

'နာသန်' အနေနဲ့ သူ့ကို သခင်ဘုရားက သာသနာလုပ်ငန်းအတွက် အသုံးပြုနေတယ်ဆိုတာ သူစိတ်ချယုံကြည်ပြီး၊ ပိုပြီးတော့မှလုပ်ဆောင်နိုင်အောင် သူဆုတောင်းခဲ့ပါတယ်။

ယနေ့မှာ၊ သင်တို့ရဲ့ ၁၃ ပတ်အလှူငွေတစ်ချို့ကို၊ အိန္ဒိယနိုင်ငံနဲ့နီပေါနိုင်ငံမှာ ဧဝံဂေလိသတင်းစကားပျံ့နှံ့နိုင်အောင် ကူညီထောက်ပံ့သွားမှာဖြစ်လို့ အထူးကျေးဇူးတင်ပါတယ်။ ၁၃ ပတ် ဥပုသ်တော်နေ့ စီမံကိန်း (၇)ခုထဲမှာ 'နာသန်' ပညာသင်ကြား ခဲ့တဲ့ကျောင်းလို မြော်လင့်ခြင်းအသင်းတော်ကျောင်းတွေလည်း ပါဝင်ပါတယ်။

ယနေ့၊ မတ်လ ၃၀ ရက်နေ့မှာ သင်တို့အနေနဲ့ အလှူငွေကို ရက်ရက်ရောရော လှူဒါန်းကြတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။

-o-